# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၃၂)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ ၁၁-၄-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)



နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဦးမင်းအောင်လှိုင်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူများဖြစ်သည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့က ပြည်ထောင်စုလွှတ်တော် နာယက၏ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

## နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးမင်းအောင်လှိုင်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများဖြစ်သည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့ ပြည်ထောင်စုလွှတ်တော်နာယက၏ရှေ့မှောက်၌ ကတိသစ္စာပြု

နေပြည်တော် ဧပြီ ၁၀

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံရသူများ ကတိသစ္စာပြုခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူထားသည့် ပုဂ္ဂိုလ်များ ကတိသစ္စာပြုခြင်းနှင့် နိုင်ငံတော်သမ္မတ မိန့်ခွန်းပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

စာမျက်နှာ ၄ သို့ ❖

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၀**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ မေ ၁၁ ရက်၊ စနေနေ့။

## စာဖတ်ခြင်းဖြင့် အသိဉာဏ်ပညာ ယဉ်ကျေးလိမ္မာ၍ ထူးချွန်ထက်မြက်လာမည်

လောကတွင် လူတိုင်း ပညာတတ်ဖြစ်စေရန် စာပေဗဟုသုတတို့ကို လေ့လာဆည်းပူးရမည်ဖြစ်သည်။ ပညာနှင့်ဆက်စပ်နေသော စာပေတို့ကို ခုံမင်နှစ်သက်စွာဖြင့် ဖတ်မှတ်ရမည်ဖြစ်သည်။ စာပေတွင် လူ့ဘဝ အတွေ့အကြုံများမှရရှိသည့် ဘဝ၏ အတွေးအမြင်များ ပါရှိနေသည်။ စာဖတ်ခြင်းဖြင့်လည်း အသိဉာဏ်ပညာ ယဉ်ကျေးလိမ္မာ၍ ထူးချွန်ထက်မြက်လာမည်ဖြစ်သည်။

လူတိုင်း၊ လူတိုင်း ငယ်စဉ်ရွယ်ကတည်းက ကမ္ဘာကျော်ပုဂ္ဂိုလ်များအကြောင်းကို ဖတ်မိလျှင် မိမိ၏ ရည်မှန်းချက်များ ထက်သန်လာမည်ဖြစ်သည်။ မိမိကိုယ်တိုင် ကြီးပွားတိုးတက်လိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထိုသူများ၏ထံမှ ဘဝနှင့်ပတ်သက်သည့် နေထိုင်နည်းများကို ရရှိလာစေမည်ဖြစ်သည်။

ကျောင်းသား လူငယ်များအဖို့ စာဖတ်ခြင်းသည် အသိပညာကျယ်ပြန့်စေရုံသာမက စိတ်နှလုံးကိုလည်း သိမ်မွေ့စေသည်။ တွေးတောဆင်ခြင်နိုင်သည့် စွမ်းရည်ကို မြင့်မားစေနိုင်သည်နှင့်အမှု ကောင်းမှုနှင့် မကောင်းမှု၊ အမှန်နှင့် အမှားတို့ကို ခွဲခြားသိမြင်နိုင်စေသည်။ စာဖတ်ခြင်းက ဗဟုသုတကြွယ်ဝစေရုံသာမက စကားလုံးဝေါဟာရများကိုလည်း တိုးပွားစေရာ စာများများဖတ်သူသည် စကားပြောရာတွင်လည်း လိမ္မာပြေပြစ်စွာ၊ ပညာသားပါပါ၊ ချိုချိုသာသာ ပြောနိုင်စွမ်းရှိကြသည်။ ကျောင်းသားလူငယ်ဘဝတွင် စာဖတ်ခြင်း အလေ့အကျင့်ကောင်းကို စွဲမြဲစွာ ရရှိသွားပါက ကျန်သည့်အရွယ်သုံးပါး ဘဝတစ်လျှောက်လုံးတွင် တစိုက်မတ်မတ် စာဖတ်သွားကြမည်ဖြစ်သည်။

ထို့ပြင် ငယ်ရွယ်စဉ်ကတည်းက တန်ဖိုးရှိသော အချိန်များကို စာဖတ်ရှုခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများက များလှပါသည်။ လူ့ဘဝကို ရောက်ရှိလာသူတိုင်းသည် လူ့လောကတွင် ရပ်တည်ရှင်သန်နိုင်ရန် အသိအလိမ္မာ၊ ဗဟုသုတနှင့်ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းရှိသော အရည်အချင်းများအတွက် စာပေဖတ်ရှုလေ့လာရမည်ဖြစ်သည်။ ကျောင်းသားတိုင်း ငယ်ရွယ်စဉ်ဘဝမှ တက္ကသိုလ်အထိ ပညာသင်ကြားရာ ဘဝတစ်လျှောက်လုံး သတ်မှတ်ထားသော သင်ရိုးစာများသာမက လက်လှမ်းမီရာ ဖတ်သင့်ဖတ်ထိုက်သော စာများကို ရွေးချယ်ဖတ်ရှုသင့်ပါသည်။ ယနေ့အချိန်အခါသည် အတတ်ပညာအသစ်များ၊ နည်းပညာအသစ်များ တိုးပွားလျက်ရှိသည်။ ခေတ်နှင့်အညီ ရင်ပေါင်တန်း သိရှိနိုင်ရန်အတွက် အပြိုင်အဆိုင်ကြိုးစားနေကြရသည်။ ကွန်ပျူတာ အတတ်ပညာ၊ သတင်းအချက်အလက် နည်းပညာနှင့် ဘာသာစကားများကို တတ်ကျွမ်းနားလည်ဖို့လည်း လိုအပ်မည်ဖြစ်သည်။

လူတိုင်းလူတိုင်း ငယ်ရွယ်စဉ်ကတည်းက စာဖတ်စွမ်းအားများပါမှ အရွယ်ရောက်လာသောအခါ အသိအလိမ္မာစွမ်းရည်မြင့်မားပြီး ဆင်ခြင်နိုင်စွမ်းရည် ပိုမိုပြည့်စုံစေမည်ဖြစ်သည်။ စာဖတ်ခြင်း အလေ့အကျင့်က ဖြည်းဖြည်းချင်း ပျိုးထောင်ယူရသော အလေ့အကျင့်ကောင်းဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ခေတ်သည် ပညာခေတ်၊ စာပေလေ့လာလိုက်စားမှုများကို အလေးထားသော ခေတ်ဖြစ်သည်နှင့်အညီ စာပေဖတ်ခြင်း၏ အကျိုးကျေးဇူးများ သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်လျက်ရှိသည်။ စာဖတ်ခြင်းဖြင့် အသိဉာဏ်ပညာယဉ်ကျေးလိမ္မာ၍ ထူးချွန်ထက်မြက်လာမည်ဖြစ်ပြီး စာသင်ကျောင်းများတွင် ကျောင်းသားလူငယ်များကို စာဖတ်ခြင်းအလေ့အကျင့်များ ပြုစုပျိုးထောင်နိုင်အောင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ၊ လူငယ်စကားဝိုင်းများ၊ စာပေဟောပြောပွဲများ ကျင်းပပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် (နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်)ကာလအတွင်း ယာဉ်မဝင်ရလမ်းနှင့် နှစ်လမ်းမောင်း သတ်မှတ်ချက်များ



(၁) **ယာဉ်မဝင်ရလမ်းသတ်မှတ်ခြင်း**

(က) ကျုံးအရှေ့ဘက်ခြမ်း ၆၆လမ်းအား (၁၂လမ်းမှ ၂၇လမ်းထိ) မည်သည့်ယာဉ်မျှ ဝင်ခွင့်မပြု။

(ခ) ကျုံးတောင်ဘက်ခြမ်း ၂၆လမ်းအား (၆၅လမ်းမှ ၇၈လမ်းထိ) မည်သည့်ယာဉ်မျှ ဝင်ခွင့်မပြု။

(ဂ) ကျုံးအနောက်ဘက်ခြမ်း လမ်း၈၀အား (၁၂လမ်းမှ ၂၆လမ်းထိ) (လမ်းအရှေ့ဘက်ခြမ်း/ကျုံးဘက်ခြမ်း)မည်သည့်ယာဉ်မျှ ဝင်ခွင့်မပြု။

(ဃ) ကျုံးမြောက်ဘက်ခြမ်း ၁၂လမ်းအား (၆၆လမ်းမှ လမ်း၈၀ထိ) (လမ်းတောင်ဘက်ခြမ်း/ကျုံးဘက်ခြမ်း)မည်သည့်ယာဉ်မျှ ဝင်ခွင့်မပြု။

(၂) **နှစ်လမ်းမောင်းခွင့်ပြုခြင်း**

(က) ကျုံးတောင်ဘက်ခြမ်း ၂၆လမ်း(၇၈လမ်းမှ လမ်း၈၀ထိ) (လမ်းတောင်ဘက်ခြမ်း)အား နှစ်လမ်းမောင်း မောင်းနှင်ခွင့်ပြုသည်။

(ခ) ကျုံးအနောက်ဘက်ခြမ်း လမ်း၈၀(၁၂လမ်းမှ ၂၆လမ်းထိ) (လမ်းအနောက်ဘက်ခြမ်း)အား နှစ်လမ်းမောင်း မောင်းနှင်ခွင့်ပြုသည်။

(ဂ) ကျုံးမြောက်ဘက်ခြမ်း ၁၂လမ်း(၆၆လမ်းမှ လမ်း၈၀ထိ) (လမ်းမြောက်ဘက်ခြမ်း)အား နှစ်လမ်းမောင်း မောင်းနှင်ခွင့်ပြုသည်။





## သင်္ကြန်တွင်း (၇)ကြိမ်မြောက် ၁၀ ရက် တရားစခန်းဖွင့်

**မိုးကောင်း မေ ၁၀**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ နတ်ကြီးကုန်းရပ်ကွက်၊ ရှမ်းပိုင်းအုပ်စု၊ မဟာကမ္ဘောဇကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း (၇)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားစခန်းကို မေ ၁၀ ရက်မှ ၁၉ ရက်အထိ ၁၀ ရက် တရားစခန်းဖွင့်လှစ်ပွဲကို အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဂ္ဂင်ရှစ်ပါးလမ်းစဉ်ဖြင့် သစ္စာလေးပါးတရားကို သိရှိစေရန် ဝိပဿနာတရား အားထုတ်မည့် ယောဂီသူတော်စင်များအား ခန္ဓာဉာဏ်ရောက် တရားအားထုတ်နိုင်စေရန်အတွက် မိုးကုတ်ဝိပဿနာနယ်လှည့် ဓမ္မကထိက သာသနဓဇ ဓမ္မာစရိယ ဗုဒ္ဓသာသနာပြု ဆရာတော် ဘဒ္ဒန္တကုမာရက ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းဖြင့် တရားပြပို့ချဟောကြားတော်မူရာ တရားစခန်းဝင် ရဟန်း၊ သံဃာတော်များ၊ ယောဂီသူတော်စင်များ ၁၈၀ ဦး တက်ရောက်၍ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး တရားအားထုတ်ကြသည်။

ဆက်လက်၍ တရားစခန်းဝင် ပုဂ္ဂိုလ်တို့အား ကျန်းမာရေး စောင့်ရှောက်နိုင်စေရန်အတွက် ကာမိုင်းမြို့နေ ဦးတင့်လွင် + ဒေါ်ရွှေ မိသားစုတို့က ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ ဆေးပစ္စည်းများကို လှူဒါန်းသည်။ နယ်လှည့် ဓမ္မကထိက သာသနဓဇ ဓမ္မာစရိယ ဗုဒ္ဓသာသနာပြု ဆရာတော်နှင့် အစ်မ၊ ညီမ၊ တူ၊ တူမများက ငွေကျပ်သိန်း ၂၀၊ ဦးစိုင်းထွန်း(ကံလှ)၏ အစ်ကို၊ အစ်မများက ငွေကျပ်သိန်း ၂၀ တို့ကို လှူဒါန်းကြသည်။

တစ်ရက်စာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းကုသိုလ်ရှင်များအဖြစ် ဒေါ်ဖုန်းရှင် မိသားစုနှင့် ဦးဝင်းအောင်+ ဒေါ်ကြာ မိသားစုတို့က ငွေကျပ် ၁၅ သိန်း၊ ဆရာတော် ဘဒ္ဒန္တကုမာရ၏ ပေါ်လီမှဲမယ်လီမှဲအဖွဲ့(ခတ်ချို)က ငွေကျပ် ၁၈ သိန်း၊ နောင်ခမ်းကြီးရွာ ယောဂီများအဖွဲ့က ငွေကျပ် ၁၅ သိန်း၊ ဦးမန်ငယ် + ဒေါ်ခမ်းဆာမိသားစုနှင့် ဒေါ်ရွှေမေ၊ ဒေါ်ခမ်း၊ ဦးဆမ်ရာယေးတို့က ငွေကျပ် ၁၈ သိန်း၊ ဦးအောင်မြတ် + ဒေါ်ဆိုင်းနန်၊ ဦးအောင်သန်း + ဒေါ်အောင်ပိုင်း၊ ဦးဆန်းလွင်ဦး + ဒေါ်မာဦးနှင့် ဦးသီဟ + ဒေါ်မြလင်း မိသားစုတို့က ငွေကျပ် ၁၈ သိန်း၊ ဦးဆွယ်ငယ်ဟောင်း + ဒေါ်ဆွယ်ငယ်ဟောင်းနှင့် ဦးကျောင်းခမ်း + ဒေါ်ကျောင်းခမ်း မိသားစုတို့က ငွေကျပ် ၁၅ သိန်း၊ စိုင်းကျော်မင်း + နန်းခင်စောထွေး(တနိုင်း) မိသားစုတို့က ငွေကျပ် ၁၈ သိန်း၊ ဦးကြန် + ဒေါ်မြအေး၊ ဦးဆန်းရီ(ကွန်လုံ) + ဒေါ်ပိန်း မိသားစုနှင့် ဦးအိုက်(စိတ်သာ)တို့က ငွေကျပ် ၁၈ သိန်း၊ ဦးလှိုင်ဇော်မျိုး+ ဒေါ်မိငွေး(ရှုဒူးဇွတ်) မိသားစုတို့က ငွေကျပ် ၁၈ သိန်း၊ ဒေါ်ခမ့်၊ ဦးတင်လွယ် + ဒေါ်ခမ့်ဆေ့ မိသားစုနှင့် စိုင်းရီခမ်း + နန်းခမ်းတင်၊ စိုင်းရီမွန်း + နန်းပိန်း၊ စိုင်းအိုက်ထွန်း + နန်းကြည်အေး မိသားစုနှင့် ဆိုင်းကွမ်း + နန်းအေးမွမ်း မိသားစုတို့က ငွေကျပ် ၁၈ သိန်း လှူဒါန်းကြရာ ဆရာတော် ဘဒ္ဒန္တကုမာရက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ကြောင်း သိရသည်။

(ဝ၄၃)

၀-၀-၀-၀-၀

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုလွှတ်တော် ကတိသစ္စာပြုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်း

အားလုံးမင်္ဂလာပါခင်ဗျာ

ပြည်ထောင်စုလွှတ်တော် နာယကကြီးနှင့်တကွ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များ၊ တက်ရောက်လာကြတဲ့ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်တော်များ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ တက်ရောက်လာကြသူများနဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်သူအားလုံးကိုကိုယ်စားပြုတဲ့ ပြည်ထောင်စုလွှတ်တော်က ကျွန်တော့်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့တဲ့အတွက် ပြည်သူလူထုရဲ့ဆန္ဒကိုလေးစားစွာနဲ့ နိုင်ငံ့တာဝန်ကိုဂုဏ်ယူဝမ်းမြောက်စွာနဲ့ ကျေပွန်အောင် ထမ်းဆောင်သွားမှာဖြစ်ကြောင်း ဦးစွာ ပြောကြားလိုပါတယ်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ အဲ့ဒီအချိန်က အာဏာရပါတီဟာ အလွန်အရုပ်ဆိုးအကျည်းတန်တဲ့ မဲမသမာမှုတွေကို ပြုလုပ်ခဲ့တာကြောင့် ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ တရားမျှတပြီး စစ်မှန်တဲ့ရွေးကောက်ပွဲတစ်ခုမဖြစ်ခဲ့ဘဲ ပါတီစုံဒီမိုကရေစီစနစ်ကို ပျက်ယွင်းစေတဲ့ မရိုးသားတဲ့ နိုင်ငံရေးလုပ်ရပ်ကို လုပ်ဆောင်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံရေးပါတီများနဲ့ ပြည်သူလူထုရဲ့ဆန္ဒနဲ့အညီ တရားဥပဒေအတိုင်း အေးချမ်းစွာဖြေရှင်းနိုင်ဖို့ အဆင့်ဆင့် အကြိမ်ကြိမ် ညှိနှိုင်းမေတ္တာရပ်ခံ တောင်းဆိုခဲ့ပေမယ့်လည်း တောင်းဆိုချက်တွေကို လျစ်လျူရှုပြီး မဲမသမာမှုအတွက် ဖြေရှင်းခြင်းမပြုရသေးဘဲ မှန်ကန်မှုမရှိ၊ တရားမျှတမှုမရှိတဲ့ ရွေးကောက်ပွဲရလဒ်နဲ့ လွှတ်တော်ခေါ်၊ နိုင်ငံတော်အာဏာကို မတရားတဲ့နည်းလမ်းနဲ့ အဓမ္မရယူဖို့ လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်တွေကို လွှဲအပ်တာဝန်ပေးခဲ့တာကြောင့် တပ်မတော်က နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်ခဲ့ရတာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ယခုအခါမှာတော့ ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့၊ ဂုဏ်သိက္ခာရှိတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အသီးသီးဟာ မဲပေးပိုင်ခွင့်ရှိသူများရဲ့ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း လာရောက်မဲပေးရွေးချယ်ခံရသူများဖြစ်ပါတယ်။ လွတ်လပ်ပြီးတရားမျှတစွာ သန့်သန့်ရှင်းရှင်းနဲ့ ရွေးချယ်ခံရသူများဖြစ်တဲ့အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး ကဏ္ဍတွေမှာ အသီးသီးပြန်လည်ပေါ်ထွန်းလာခဲ့ပြီး ဒီမိုကရေစီစနစ်ကို ပြန်လည်စတင်နိုင်တော့မှာဖြစ်ပါတယ်။



အခုဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြန်လည်ခြေချပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ်ဆီကို ဦးတည်လျှောက်လှမ်းနေပြီဖြစ်တဲ့အတွက် ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာအောင် ကြိုးပမ်းတည်ဆောက်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရသစ်အတွက် စိန်ခေါ်မှုများစွာကလည်း စောင့်ကြိုနေတာကို ကျွန်တော့်အနေနဲ့ ကောင်းစွာသိရှိထားပါတယ်။ ကမ္ဘာ့အရေး၊ မြန်မာ့အရေး၊ နိုင်ငံရေး၊ စီးပွားရေးစတဲ့ အခက်အခဲတွေအပါအဝင် နယ်ပယ်ပေါင်းစုံက စိန်ခေါ်မှုတွေကို အစိုးရနဲ့ ပြည်သူလူထု အတူတကွ လက်တွဲညီညီပူးပေါင်းကာ ရင်ဆိုင် ကျော်လွှားသွားကြမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်။ ဒါ့ကြောင့် ကျွန်တော်ဦးဆောင်တဲ့ အစိုးရအဖွဲ့ရဲ့ ရည်မှန်းချက်၊ မူဝါဒများနဲ့ သဘောထားတွေကို ပြည်ထောင်စုလွှတ်တော်ကတစ်ဆင့် မိဘပြည်သူများကိုတင်ပြပြီး နိုင်ငံနဲ့ပြည်သူအကျိုးကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရသစ်အနေနဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ ရည်ရွယ်ချက် လုပ်ငန်းစဉ်တွေကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေကို ဘက်စုံလွှမ်းခြုံဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စု အတိုင်ပင်ခံကောင်စီ ဥပဒေနဲ့အညီ ပြည်ထောင်စု အတိုင်ပင်ခံကောင်စီကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု အတိုင်ပင်ခံကောင်စီအနေနဲ့ ဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်း ပြည်ထောင်စုရဲ့ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်တွေ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စရပ်တွေ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်တွေ၊ ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာကိစ္စရပ်တွေကို နိုင်ငံတော်အစိုးရထံ အကြံပေးတာတွေကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှာ ပြဋ္ဌာန်းပေးထားတဲ့ ဖက်ဒရယ်ဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို ထိရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ အထက်မှာ တင်ပြခဲ့သလိုပဲ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ဖို့ဆိုရင် ငြိမ်းချမ်းရေးရရှိဖို့ မဖြစ်မနေလိုအပ်တဲ့အတွက် နိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပြည်သူများနဲ့ တိုင်းရင်းသားအဖွဲ့အစည်းအားလုံး အကျိုးတူပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကိုဖော်ဆောင်ဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပိုဒ် ၂၀(င) အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဆွေးနွေးသဘောတူချုပ်ဆိုထားတဲ့ ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း(၁)၊(၂)နဲ့(၃)တို့ကို NCA အပိုဒ် ၂၀(စ)နဲ့အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းဆွေးနွေးအတည်ပြုချက်ရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC)နဲ့ NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီအစုအဖွဲ့များ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဆွေးနွေးသဘောတူညီထားတဲ့ အချက် ၄၃ ချက်ကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

နိုင်ငံရဲ့အနာဂတ်အတွက် အဓိကကျတဲ့ ပညာရေးကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍကို အခြေခံအဆင့်ကစလို့ မြှင့်တင်ပေးသွားမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ ကလေးတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေမှာ နိုင်ငံတကာအဆင့်မီပညာရေးကို ရရှိဖို့နဲ့ ပြည်သူတိုင်း ကျန်းမာရေးစောင့်ရှောက်မှု အလွယ်တကူရရှိစေဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့တဲ့အချိန်ကစလို့ ခေတ်အဆက်ဆက် ဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နယ်စပ်ဒေသအပါအဝင် တချို့ဒေသတွေမှာ ပညာသင်ကြားခွင့်တွေဆုံးရှုံးခဲ့ရပြီး ပညာရည်နိမ့်ပါးခဲ့ကြရပါတယ်။ ယခုလည်း တချို့ဒေသတွေမှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် ကလေးတွေရဲ့ ပညာသင်ကြားခွင့်တွေ ဆုံးရှုံးနေရပါတယ်။ ဒါကြောင့် ပညာရေးကဏ္ဍကို နေရာဒေသကွာခြားမှုမရှိ တစ်ပြေးညီမြှင့်တင်နိုင်ဖို့အတွက် အထူးအလေးပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာ ထူးချွန်ထက်မြက်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ အများကြီးလိုအပ်ပါတယ်။ မြန်မာတို့ဟာ ဉာဏ်ရည်ထက်မြက်သူတွေဖြစ်ပြီး သမိုင်းတစ်လျှောက်မှာ ထူးချွန်ထက်မြက်တဲ့ ပညာရှင်များစွာ ပေါ်ထွက်ခဲ့ပါတယ်။ အနာဂတ်နိုင်ငံတော်ရဲ့ တာဝန်တွေကို ပခုံးပြောင်းထမ်းဆောင်ကြရမယ့် မျိုးဆက်သစ်လူငယ်တွေအတွက် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မယ့် အတတ်ပညာရှင်၊ အသိပညာရှင်များဖြစ်ဖို့နဲ့ ဗဟုသုတပြည့်ဝဖို့အတွက် ပညာရေးကဏ္ဍကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ပညာရေးအားနည်းတဲ့ ပြည်နယ်တွေအတွက် အထူးစီမံချက်တွေ ချမှတ်ပြီး KG+9 အထိ ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အခြေခံပညာ အလယ်တန်းတွေမှာ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံဘာသာရပ်များ သင်ကြားရေးနဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး စိုက်ပျိုးရေးနဲ့ မွေးမြူရေးသိပ္ပံကျောင်းတွေကတစ်ဆင့် သင့်တော်တဲ့ သိပ္ပံကျောင်းများကို တက္ကသိုလ်/ကောလိပ်အဆင့်မြှင့်တင်ခြင်းနဲ့ တက္ကသိုလ်တွေ၊ Polytechnic သိပ္ပံတွေနဲ့ တက္ကသိုလ်တွေ တိုးချဲ့ဖွင့်လှစ်နိုင်ရေးလည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုတည်ဆောက်ရာမှာ ပညာရည်မြင့်မားရေးနဲ့ တန်းတူကျန်းမာကြံ့ခိုင်တဲ့ နိုင်ငံသားများဖြစ်လာဖို့ဟာလည်း ပဓာနကျပါတယ်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ကျန်းမာရေးအဆင့်မြှင့်တင်ရေးလုပ်ငန်းတွေကို ထိရောက်တဲ့မူဝါဒတွေနဲ့ ချမှတ်အကောင်အထည်ဖော်တဲ့နေရာမှာ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ဖြစ်ဖို့၊ လူတိုင်း လက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ ကျွန်တော်တို့အစိုးရအနေနဲ့ အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့စီးပွားရေး ဦးမော့လာစေဖို့အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)တွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာစေရေးအတွက်လည်း လုပ်ထုံးလုပ်နည်းများ ပြန်လည်သုံးသပ်ပြီး စီးပွားရေးလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားပါမယ်။ ပြည်သူများကြုံတွေ့နေရတဲ့ စီးပွားရေးကျပ်တည်းမှု၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းလိုအပ်ချက်တွေကို ပြေလည်အောင် ဖော်ဆောင်ပြီး နိုင်ငံနဲ့ကိုက်ညီတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဓိကကျတဲ့အချက်ကတော့ ကုန်ထုတ်လုပ်မှုအားနည်းနေခြင်းပဲ ဖြစ်ပါတယ်။

ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝမြှင့်တင်ရေးဟာ ကျွန်တော်တို့အတွက် အဓိကကျတဲ့ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူအများစုဟာ

စာမျက်နှာ ၄ သို့

> “အခုဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြန်လည်ခြေချပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ်ဆီကို ဦးတည်လျှောက်လှမ်းနေပြီဖြစ်တဲ့အတွက် ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာအောင် ကြိုးပမ်းတည်ဆောက်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရသစ်အတွက် စိန်ခေါ်မှုများစွာကလည်း စောင့်ကြိုနေတာကို ကျွန်တော့်အနေနဲ့ ကောင်းစွာသိရှိထားပါတယ်။ ကမ္ဘာ့အရေး၊ မြန်မာ့အရေး၊ နိုင်ငံရေး၊ စီးပွားရေးစတဲ့ အခက်အခဲတွေအပါအဝင် နယ်ပယ်ပေါင်းစုံက စိန်ခေါ်မှုတွေကို အစိုးရနဲ့ ပြည်သူလူထု အတူတကွ လက်တွဲညီညီပူးပေါင်းကာ ရင်ဆိုင် ကျော်လွှားသွားကြမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်”

*စာမျက်နှာ ၃ မှ*

စိုက်ပျိုးရေးနဲ့ မွေးမြူရေး လုပ်ငန်းတွေအပေါ် အဓိကမှီခိုနေရတာဖြစ်ပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြတာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများရဲ့ဘဝ မြှင့်တင်ဖို့နဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ထိရောက်တဲ့ ရေရှည်စီမံကိန်းတွေရေးဆွဲပြီး ဈေးကွက်စီးပွားရေးကို ဆက်လက်ကျင့်သုံးခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံးရဲ့ အသက်မွေးဝမ်းကျောင်းမှုကို မြှင့်တင်ဖို့နဲ့ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ဖို့အတွက် ကြိုးစားလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လူဦးရေ၅၁ သန်းကျော်ရှိပြီး အမျိုးသမီးလူဦးရေဟာ ၅၃ ရာခိုင်နှုန်းခန့်ရှိပါတယ်။ နိုင်ငံရဲ့သမိုင်းမှာ အမျိုးသမီးစွမ်းဆောင်ရှင်များ၊ ပညာရှင်များ၊ စွမ်းရည်သတ္တိဆုရရှိသူများစွာရှိပါတယ်။ နယ်ပယ်အသီးသီးမှာ အမျိုးသမီးများရဲ့ စွမ်းဆောင်နိုင်ရည်များ ပိုမိုထိရောက်နိုင်ဖို့အတွက် အမျိုးသမီးရေးရာဝန်ကြီးဌာန သီးခြားဖွဲ့စည်း တာဝန်ပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီနေ့ ကမ္ဘာနဲ့အဝှမ်းကြုံတွေ့နေရတဲ့ သဘာဝဘေးအန္တရာယ်များနဲ့ ရာသီဥတုပြင်းထန်စွာ ပြောင်းလဲမှုတွေကြောင့် သဘာဝသယံဇာတနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟာလည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ဟာ သစ်ပင်သစ်တောတွေ၊ မြစ်ချောင်းအင်းအိုင်တွေ၊ ကြွယ်ဝတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေနဲ့ သဘာဝအရင်းအမြစ်တွေ ပြည့်စုံစွာ ရှိနေပါတယ်။ ယနေ့အချိန်မှာ ကမ္ဘာကြီးပူနွေးလာမှုနဲ့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နေရချိန်မှာ ဒီအရင်းအမြစ်တွေကို ကာကွယ်ဖို့ဆိုတာ လူများနဲ့ သက်ရှိသတ္တဝါများ အသက်ရှင်သန်ရေးအတွက် အရေးကြီးတဲ့လုပ်ငန်းဖြစ်နေပါတယ်။ သစ်တောပြုန်းတီးမှုနဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်ဖို့အတွက် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကို အသုံးချနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အရှေ့အလယ်ပိုင်း ပဋိပက္ခဟာ နှစ်ပတ်ကြာ ပစ်ခတ်တိုက်ခိုက်မှု ခဏရပ်စဲထားသော်လည်း ဘယ်လိုဆက်ဖြစ်လာမလဲဆိုတာ စောင့်ကြည့်လေ့လာရပါဦးမယ်။ ဘယ်လိုအခြေအနေတွေ ဖြစ်လာစေကာမူ စက်သုံးဆီအခက်အခဲကတော့ ရှိနေဦးမှာဖြစ်တဲ့အတွက် ကျွန်တော်တို့လို နှစ်စဉ် အမေရိကန်ဒေါ်လာ ၅ ဘီလီယံဖိုးခန့် စက်သုံးဆီတင်သွင်းနေတဲ့ နိုင်ငံမျိုးဟာ စက်သုံးဆီချွေတာရေး မလွဲမသွေ ပြုလုပ်ကြရမှာဖြစ်ပါတယ်။ ယာဉ်၊ ယန္တရားသုံး၊ မီးစက်သုံး စသည်ဖြင့် နယ်ပယ်တွေမှာ အတတ်နိုင်ဆုံး လျှော့ချသုံးစွဲတာ အကောင်းဆုံးဖြစ်ပါတယ်။ ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး၊ လျှပ်စစ်ကားများ အဖြစ်နိုင်ဆုံးအသုံးပြုရေး မလွဲမသွေ လိုအပ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လျှပ်စစ်ကဏ္ဍဟာ ဆက်စပ်နေတဲ့အတွက် ပြည်တွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖူလုံအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဆိုလာစွမ်းအင်ဖွံ့ဖြိုးမှုကိုလည်း မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းမြစ်တွေဟာ မြန်မာနိုင်ငံရဲ့ အဓိက အသက်သွေးကြောများဖြစ်ပြီး စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနဲ့ ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းတို့အတွက် အလွန်အရေးပါပါတယ်။ မြစ်ကြောင်းတစ်လျှောက် ကုန်စည်ပို့ဆောင်မှုကို ကုန်ကျစရိတ်သက်သာစွာနဲ့ ဆောင်ရွက်နိုင်သလို မိုးရာသီမှာ စိုက်ပျိုးရေးရရှိရေးအတွက်လည်း အသုံးချနိုင်ပါတယ်။ အလားတူ နွေရာသီမှာ မြစ်ရေတင်စီမံကိန်းများနဲ့ မြစ်များရဲ့ ဝဲယာတစ်လျှောက် စိုက်ပျိုးရေး ပြုလုပ်နိုင်ဖို့အတွက်လည်း စီမံဆောင်ရွက်သွားပါမယ်။ ကူးသန်းသွားလာမှုများစွာကို အထောက်အကူပြုနေတဲ့ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တွေကို ရာသီမရွေး ထိရောက်စွာအသုံးချနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူစေဖို့အတွက် ပုံမှန်လမ်းကြောင်းများ အတိုင်း သတ်မှတ်နှုန်းထားများနဲ့ ပြေးဆွဲပေးသော ခရီးသည်တင်ဝန်ဆောင်မှုဖြစ်တဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transportation) ကိုလည်း တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတကာဆက်ဆံရေးမှာလည်း ဟန်ချက်ညီညီ ဆောင်ရွက်သွားမှာဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် အာဆီယံနဲ့ ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိအောင် ကြိုးစားဆောင်ရွက်သွားပါမယ်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းမိတ်ဆွေ နိုင်ငံများနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ပူးပေါင်းဆောင်ရွက်သွားပြီး နိုင်ငံတကာဆက်ဆံရေးကိုလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နဲ့အညီ ခိုင်မာအောင် တည်ဆောက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံသားတိုင်း ဥပဒေရဲ့အကာအကွယ်ကို အညီအမျှရရှိစေဖို့၊ မှားယွင်းပြီး အပြစ်စီရင်ခြင်းမခံရဖို့၊ ပြစ်မှုနဲ့ ပြစ်ဒဏ်မျှတပြီး တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စီရင်နိုင်ဖို့၊ တရားရုံးများ ဖြောင့်မတ်မှန်ကန်စေဖို့တို့ကို ဦးစားပေးဖော်ဆောင်သွားမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် တရားဥပဒေစိုးမိုးရေးဟာ အဓိကကျတဲ့ အခြေခံအုတ်မြစ်မရှိမဖြစ် လိုအပ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ လူမှုရေး ပြန်လည်သင့်မြတ်ရေး၊ တရားမျှတမှုနဲ့ ငြိမ်းချမ်းရေးတို့ကို အထောက်အကူပြုစေရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုက်သင့်တဲ့ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်တွေကိုလည်း စဉ်းစားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအောင် တည်ဆောက်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝမြှင့်တင်ရေးစတဲ့ ကိစ္စရပ်တွေကို ကျွန်တော်ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့က ဦးတည်ချက်၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ၊ ကျွန်တော်တို့နိုင်ငံတော်ကြီး လက်ရှိရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ပြည်သူအားလုံးက အစိုးရနဲ့အတူ ပူးပေါင်းပြီး စည်းလုံးညီညွတ်မှုနဲ့ ရင်ဆိုင်ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ **"ပြည်တွင်းအားသည် ပြည်တွင်းမှာသာ ရှိသည်"** ဆိုတဲ့ စကားအတိုင်း တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မှာ လည်းဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ပြည်သူအားလုံးက ပူးပေါင်းလက်တွဲဆောင်ရွက်ကြဖို့လည်း ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ရဲ့ မတူကွဲပြားမှုတွေဟာ အားနည်းချက်လို့မယူဆဘဲ ညှိနှိုင်းဆွေးနွေးအဖြေရှာမှုများနဲ့ စွမ်းအားသစ်တွေရရှိအောင် ကြိုးစားတည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။ ကွဲပြားတဲ့ အမြင်တွေ၊ ယုံကြည်မှုတွေဟာ နောက်ခံအမျိုးမျိုးရှိပေမယ့်လည်း ကျွန်တော်တို့အားလုံးဟာ ဒီနိုင်ငံရဲ့ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများ ဖြစ်ကြတဲ့အတွက် ကျွန်တော်တို့ရဲ့ စည်းလုံးညီညွတ်မှု၊ ဖွဲ့လုံ့လတွေနဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်အောင် လျှောက်လှမ်းနိုင်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

*❖ ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၅ ဦး ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၅၈၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ အထူးဧည့်သည်တော်များအဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၏ အထူးကိုယ်စားလှယ်၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ H.E. Mr. Jiang Xinzhi ၊ ဘယ်လာရုစ်အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Sergeyenko ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-ool ၊ ကမ္ဘောဒီးယားတော်ဝင်အစိုးရ၏ အာဆီယံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Kitti Settha Pandita Cham Prasidh ၊ ထိုင်းနိုင်ငံ ယခင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Parnpree Bahiddha – Nukara တို့အပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ သံအမတ်ကြီး ၁၆ ဦးနှင့် သံတမန်များ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်လေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဥပဒေနှင့်အညီ ဖွဲ့စည်းရွေးချယ်တင်မြှောက်ခြင်းနှင့် သဘောတူညီချက်ရယူခြင်း ကိစ္စရပ်များ၊ ယင်းကိစ္စရပ်များအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ ယာယီသမ္မတထံမှပေးပို့သည့် အကြောင်းပြန်ကြားစာ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ကြေညာချက်အမှတ် (၃/၂၀၂၆) တို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဦးမင်းအောင်လှိုင်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူများ ဖြစ်သည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး တို့က ပြည်ထောင်စုလွှတ်တော် နာယက၏ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ခန့်အပ်တာဝန်ပေးရန် သဘောတူထားသည့် ပြည်ထောင်စုဝန်ကြီးများအား ဝန်ကြီးဌာနအလိုက် တာဝန်ချထားမှုအမိန့်များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူထားသည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များသည် ပြည်ထောင်စုလွှတ်တော် နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ပြောကြားခဲ့သည့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းကို လွှတ်တော်၏ သဘောထားရယူပြီး မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် *စာမျက်နှာ ၅ သို့*





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တတိယအကြိမ် လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် တက်ရောက်လာကြသည့် နိုင်ငံတကာမှ သံတမန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

စာမျက်နှာ ၄ မှ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်အရ ဖွဲ့စည်းပေါ်ပေါက်လာသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး၏ လုပ်ငန်းများသည် ယနေ့တွင် ပြီးဆုံးပြီဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ယနေ့ ကျင်းပပြီးစီးသည့် လွှတ်တော် အစည်းအဝေးများ ကတစ်ဆင့် အတွေ့အကြုံများရရှိပြီး ပြည်သူ့အကျိုးကို မျှော်ကိုးဆောင်ရွက် နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုသည်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တင်ပြဆွေးနွေး အတည်ပြုကြသည့် ဥပဒေကြမ်းများကို ဥပဒေတစ်ခုဖြစ်လာရန် အပြီးသတ်အတည်ပြုပေးသည့် လွှတ်တော်ကြီးဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂ အရ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေပြုရေး အာဏာရှိပြီး ပုဒ်မ ၉၆ အရ ဇယား (၁) တွင် ပါရှိသည့် ကိစ္စရပ်များကို ဥပဒေပြုခွင့်ရှိခြင်းကြောင့် ဇယား (၁) တွင်ပါရှိသည့် ကဏ္ဍရပ်၊ ကိစ္စရပ်များကို ထဲထဲဝင်ဝင် လေ့လာထားကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းရေးဆွဲရေးဆိုင်ရာ သဘောလက္ခဏာများ၊ ဥပဒေရေးထုံးများကိုလည်း လေ့လာထားကြရန် လိုအပ်ပါကြောင်း၊ ယခုကျင်းပပြီးစီးခဲ့သည့် လွှတ်တော် အစည်းအဝေးများတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်မှ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ပေးခြင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ လွှတ်တော်ကော်မတီများ ဖွဲ့စည်းခြင်း၊ တရားရေးရာ အဖွဲ့အစည်းများ ပေါ်ပေါက်လာရေး ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက်လည်း လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားများစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ပြည်ထောင်စု လွှတ်တော်ဆိုသည်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပူးတွဲဆောင်ရွက်ကြသည့် လွှတ်တော်ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်အတွက် လက်တွဲညီညီ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တွင် နိုင်ငံတော်၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည်ဆိုသည့် ပြဋ္ဌာန်းချက်အရ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းသည်ဆိုရာတွင်လည်း ကဏ္ဍရပ်တစ်ခုကို အခြားကဏ္ဍရပ်တစ်ခုက ထိပါးရန်မဟုတ်ဘဲ ဥပဒေနှင့်အညီ လျော်ကန်သင့်မြတ်မှုရှိရေး အပြုသဘောအမြင်များနှင့် ဆောင်ရွက်သွားကြရန်သာ ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့အရပ်ဒေသအသီးသီးသို့ ပြန်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လိုရာခရီးကို ဘေးမသီ ရန်မခ၊ ခလုတ်မထိ ဆူးမငြိဘဲ ရောက်ရှိကြပါစေ။ မိမိတို့ကို တင်မြှောက်လိုက်သည့် ပြည်သူများ၏ ဘဝကို အနီးကပ်လေ့လာပြီး ပြည်သူ့အကျိုးကို သယ်ပိုး စောင့်ရှောက်နိုင်ကြပါစေဟု ပြောကြားရင်း နှုတ်ဆက်လိုက်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တတိယအကြိမ် လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်စဉ်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ပြီးဆုံးကြောင်းနှင့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း လွှတ်တော်သို့ အသိပေးကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး အပြီးတွင် တတိယအကြိမ်လွှတ်တော်များ၏ ပထမပုံမှန် အစည်းအဝေးများ အောင်မြင်စွာ ပြီးမြောက်ခြင်း ဂုဏ်ပြု နေ့လယ်စာစားပွဲကို လွှတ်တော်အဆောက်အအုံ ထမင်းစား ခန်းမဆောင်ကြီး၌ကျင်းပရာ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ အထူးဧည့်သည်တော်များ၊ သံတမန်များ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့်အတူ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

**သတင်းစဉ်**





ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ အထူးဧည့်သည်တော်များအဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာမှ သံအမတ်ကြီးများနှင့် သံတမန်များ တက်ရောက်လေ့လာကြစဉ်။




နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိန့်ခွန်းမြွက်ကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားကျင်းပ

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် ရွေးချယ်ထားသောပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတ၏ရှေ့မှောက်၌ ကတိသစ္စာပြု

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ ကျင်းပပြုလုပ်သည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လိုက်ပါလာသည့် အထူးယာဉ်တန်းသည် ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့၏ ဦးဆောင်ကြိုဆိုမှုဖြင့် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်ရှိ ဂုဏ်ပြုဆောင်ခန်းမကြီးသို့ ရောက်ရှိလာရာ ဒုတိယသမ္မတ ဦးညိုစော၊ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဂုဏ်ပြုခံစင်မြင့်၌နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။ ထိုသို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှလည်း အမြောက် ၂၁ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးပြီး နိုင်ငံတော်သမ္မတအား ဂုဏ်ပြုတပ်ဖွဲ့က စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ အကြီးအကဲများ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

အခမ်းအနားတွင် ကတိသစ္စာခံယူမည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် ရွေးချယ်ထားသော ပုဂ္ဂိုလ်များသည် နိုင်ငံတော်သမ္မတ၏ရှေ့မှောက်၌ နေရာယူကြသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် ရွေးချယ်ထားသော ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတရုံးဝန်ကြီး ဦးတင်အောင်စန်းက ကတိသစ္စာကို တိုင်ပေးပြီး ကတိသစ္စာပြုသည့် ပုဂ္ဂိုလ်အားလုံးက "ကျွန်ုပ် - - - - - - - - သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ထမ်းဆောင်ပါမည်ဟု

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

လေးနက် တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။" ဟူ၍ ကတိသစ္စာပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မိန့်ခွန်းမြွက်ကြားသည်။ **(မိန့်ခွန်းအပြည့်အစုံအား စာမျက်နှာ ၈ တွင် ဖော်ပြထားပါသည်)**

ဆက်လက်၍ အခမ်းအနားမှူးက နိုင်ငံတော်သမ္မတ မြွက်ကြားခဲ့သော မိန့်ခွန်းကို မှတ်တမ်းတင်ခွင့်ပြုပါရန် တင်ပြရာ နိုင်ငံတော်သမ္မတက ခွင့်ပြုသည့်အတွက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ မိန့်ခွန်းကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားမှူးက ကတိသစ္စာပြုခြင်း အခမ်းအနား အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစော၊ ဒေါ်နန်းနီနီအေးတို့နှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဒုတိယသမ္မတများနှင့်အတူ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယ စာရင်းစစ်ချုပ်တို့နှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခြင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခြင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခြင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် တရားသူကြီးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးများပါဝင်သော ပြည်ထောင်စုအစိုးရအဖွဲ့နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ ဒုတိယဝန်ကြီးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အခမ်းအနား တက်ရောက်လာကြသူများအား သမ္မတအိမ်တော်၊ Banquet Hall ၌ ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြု လက်ဖက်ရည်သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတက အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်မှ နိုင်ငံတော် သမ္မတရုံးတော် သွားရောက်ရာ လမ်းကြောင်းတစ်လျှောက်၌ နိုင်ငံတော်သမ္မတရုံး ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာဖြင့် ခရီးဦးကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့ ပြည်ထောင်စုဝန်ကြီးများပါဝင်သော ပြည်ထောင်စုအစိုးရအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လိုက်ပါလာသည့် အထူးယာဉ်တန်း ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့၏ ဦးဆောင်ကြိုဆိုမှုဖြင့် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်ရှိ ဂုဏ်ပြုဆောင်ခန်းမကြီးသို့ ရောက်ရှိလာစဉ်။

# နိုင်ငံကို ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ဖို့အတွက် ထူးချွန်ထက်မြက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်တွေ အများကြီးလိုအပ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့် မိန့်ခွန်း

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

အားလုံးပဲ မင်္ဂလာပါ။

နိုင်ငံတော်တာဝန်ကို ဒီမိုကရေစီအစိုးရသစ် ဖွဲ့စည်းပြီး စတင်တာဝန်ယူကြတော့မယ့် ဒုတိယသမ္မတများ၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ Online က တက်ရောက်နေကြတဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့များနဲ့ ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ တက်ရောက်လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ နိုင်ငံ့အကျိုး ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး တိုးပြီးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ပြည်ထောင်စုလွှတ်တော်က ဧပြီလ ၃ ရက်နေ့မှာ ကျွန်တော့်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခဲ့ပြီး ဒုတိယသမ္မတများကိုလည်း ခန့်အပ်တာဝန်ပေးခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နဲ့အညီ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေရဲ့ အကြီးအကဲများနဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များရဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်များနဲ့ ဝန်ကြီးများကို စိစစ်ရွေးချယ်ပြီး တာဝန်ပေးအပ်ထားပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ အစိုးရအဖွဲ့သစ်အနေနဲ့ ဆက်လက်တာဝန်ထမ်းဆောင်သွားရာမှာ လိုအပ်တဲ့ မူဝါဒများနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားရမယ့် လုပ်ငန်းတာဝန်တွေကို မှာကြားသွားမှာ ဖြစ်ပါတယ်။

အားလုံးသိတဲ့အတိုင်းပဲ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရဲ့ မဲလိမ်မဲခိုးမှုတွေအပေါ် မှန်မှန်ကန်ကန် သုံးသပ်ရှုမြင်မှုမရှိဘဲ လွဲမှားတဲ့ အတွေးအခေါ် အယူအဆတွေနဲ့ ပြည်တွင်းပြည်ပ အဖျက်အမှောင့်ပယောဂတွေကြောင့် ဆူပူအကြမ်းဖက်မှုတွေ နိုင်ငံအနှံ့မှာဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီအပေါ်မှာ စိတ်သဘောထား မမှန်တဲ့ တချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း ပွဲလန့်တုန်းဖျာခင်း၊ မီးလောင်ရာလေပင့် လုပ်ပြီး နိုင်ငံကို ဆင်းရဲဒုက္ခတွင်းထဲရောက်အောင် နည်းမျိုးစုံ လုပ်ကြံဖျက်ဆီးခဲ့ကြပါတယ်။ တပ်မတော်အနေနဲ့ အခက်အခဲများနဲ့ စိန်ခေါ်မှုတွေကြားကပဲ ကြိုးစားဆောင်ရွက်ခဲ့ကြပြီး ရွေးကောက်ပွဲကျင်းပကာ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ကျွန်တော်တို့ဖြတ်သန်းခဲ့ရတဲ့ သမိုင်းကို ပြန်ကြည့်ရင် လွတ်လပ်ရေး ဆုံးရှုံးခဲ့ရတာ၊ ကိုလိုနီလက်အောက်မှာ ကာလရှည်ကြာခဲ့တာ၊ လွတ်လပ်ရေး ရပြီးစကတည်းကခုချိန်ထိ တည်ငြိမ်အေးချမ်းမှု မရှိသေးတာတွေရဲ့ အဓိကအကြောင်းရင်းကလည်း အချင်းချင်း စည်းလုံးညီညွတ်မှုအားနည်းလို့ ဖြစ်တယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးကို အလေးထားပြီး ဆက်လက်ဆောင်ရွက်သွားကြဖို့ အလေးထား မှာကြားလိုပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား မိန့်ခွန်းပြောကြားစဉ်။

ကျွန်တော့်အနေနဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး (NCA) လမ်းကြောင်းကို မဖြစ်မနေ ဆက်လက်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ကြုံတွေ့နေရတဲ့ သဘောထားကွဲလွဲမှုတွေ၊ ဆန္ဒနဲ့လိုလားချက်တွေ၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းနေကြတာဟာ လုံးဝမှားယွင်းနေတယ်ဆိုတာ သိရှိလက်ခံကြဖို့နဲ့ နိုင်ငံနဲ့ပြည်သူရဲ့ အကျိုးကိုကြည့်ပြီး နိုင်ငံရဲ့ အနာဂတ်အတွက် ဒီအမှားကို အချိန်မီ ပြုပြင်ကြဖို့ လိုအပ်ပါတယ်။ ဖြစ်ချင်တာတွေ တောင်းဆိုနေမယ့်အစား ဖြစ်သင့်တာပဲ တောင်းဆိုပြီး ဖြစ်နိုင်တာတွေ ဆောင်ရွက်သွားဖို့ လိုပါတယ်။ ကျွန်တော်တို့တစ်တွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပြန်လည်တည်ဆောက်သွားကြမယ်ဆိုရင် သိပ်မကြာတဲ့ အချိန်မှာ တည်ငြိမ်အေးချမ်းမှုနဲ့အတူ ကျွန်တော်တို့ မျှော်မှန်းတဲ့ နိုင်ငံသစ်ကိုရောက်မှာ အသေအချာပဲ ဖြစ်ပါတယ်။

အလားတူပါပဲ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ ဆူပူအကြမ်းဖက်မှုကျူးလွန်နေကြသူများအနေနဲ့လည်း အမှန်နဲ့အမှား၊ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့အပြစ်ကို သေသေချာချာ စဉ်းစားသုံးသပ်ပြီး နိုင်ငံနဲ့ပြည်သူအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ အားလုံးဆွေးနွေးညှိနှိုင်းအဖြေရှာပြီး စုစည်းညီညွတ်မှုအင်သစ်အားသစ်တွေနဲ့ နိုင်ငံသစ်ကို တက်ညီလက်ညီ တည်ဆောက်ကြပါစို့လို့ ဖိတ်ခေါ်လိုပါတယ်။

တစ်ဖက်ကလည်း နိုင်ငံရဲ့စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ကဏ္ဍအသီးသီးကိုမြင့်မားလာစေဖို့နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ကို နည်းလမ်းမျိုးစုံနဲ့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံမှာ စီးပွားရေးအင်အား မတောင့်တင်းရင်၊ နိုင်ငံမချမ်းသာရင် ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်သလို ပြည်သူများရဲ့ လူမှုစီးပွားဘဝဟာလည်း နိမ့်ကျနေမှာ ဖြစ်ပါတယ်။ နိုင်ငံ့စီးပွားရေးဟာ နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုရေးအားလုံးနဲ့ ဆက်စပ်နေပါတယ်။ ဒါ့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်အောင် ကျွန်တော်တို့ ဝိုင်းဝန်းကြိုးစား အကောင်အထည်ဖော်ကြဖို့ လိုပါတယ်။ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ရင် ကျွန်တော်တို့နိုင်ငံရဲ့ GDP ဟာ လွန်စွာနည်းပါးနေတာ တွေ့ရပါတယ်။ အဓိကကတော့ ကုန်ထုတ်လုပ်မှု အားနည်းခြင်းဖြစ်ပါတယ်။ ကာလကြာရှည်စွာ ကုန်သွယ်မှုမှအပ (Non Trade) ဝင်ငွေကိုသာ အားကိုးခဲ့တာတွေ့ရပါတယ်။ ဒါကြောင့် ပို့ကုန်တိုးမြှင့်ရေး၊ တစ်နည်းအားဖြင့် ပြည်ပရောင်းတန်းဝင် ကုန်ထုတ်လုပ်မှုရှိမှ ပို့ကုန်ရမှာဖြစ်တဲ့အတွက် အဆင့်ရှိကုန်ထုတ်လုပ်မှုများ အားပေးဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါ့ကြောင့် လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ စက်မှုလုပ်ငန်း (Agro- based Industry) ကို တည်ဆောက်ရမှာဖြစ်ပါတယ်။

ဒီနေရာမှာ အချို့က ဒီခေတ်မှာ စက်မှုနိုင်ငံဘာလို့မသွားတာလဲလို့ ဝေဖန်ကြတာရှိပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်နေသူများဖြစ်ပြီး ၅၀ ရာခိုင်နှုန်းခန့်က စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေထွက်ပစ္စည်း၊ သစ်တောလုပ်ငန်းများမှာ အလုပ်လုပ်နေသူများ ဖြစ်ပါတယ်။

နိုင်ငံ့လူဦးရေရဲ့ ၅၃ ရာခိုင်နှုန်းဟာ အမျိုးသမီးများဖြစ်ပြီး ပညာရေးစစ်တမ်းအရ ကျေးလက်ဒေသနေသူများက အားနည်းတာရှိပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာအရ မြန်မာနိုင်ငံရဲ့ ဆင်းရဲမွဲတေမှုဟာ ၃၁ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။ ဒါကြောင့် ကျေးလက်စီးပွားမြှင့်တင်ရေးကို မလွဲမသွေ လုပ်ပေးရပါမယ်။ စက်မှုနိုင်ငံများပင်လျှင် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ နိုင်ငံစီးပွားအထောက်အကူရအောင် အားပေးဆောင်ရွက်နေကြတာကိုလည်း တွေ့မြင်နိုင်ပါတယ်။

ကျွန်တော်တို့ တာဝန်ယူစဉ်ကာလတစ်လျှောက်လုံး စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) တွေကို အားပေးမြှင့်တင်ပြီး နှစ်စဉ်ဒေသအလိုက်နဲ့ နိုင်ငံတော်အဆင့်ပြပွဲပြိုင်ပွဲတွေ လုပ်ပေးခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ကျွန်တော်တို့ တာဝန်ယူခဲ့တဲ့ ငါးနှစ်တာကာလအတွင်းမှာ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ ဒါ့ကြောင့် အခြေခံကောင်းများ ရရှိနေပြီဖြစ်တဲ့အတွက် အစိုးရသစ်ကာလမှာ အရှိန်အဟုန်နဲ့ ဆက်လက်တိုးတက်မှုရအောင် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် အခုအစိုးရသစ်မှာ စက်မှုဝန်ကြီးဌာနကို စက်မှုနဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနလို့ ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်လို့ MSME ကဏ္ဍကို ဘက်ပေါင်းစုံက မြှင့်တင်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

စားရေရိက္ခာအတွက် အဓိကကျတဲ့ ဆန်စပါးကို လယ်မြေအားလုံးမှာ ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးကြဖို့လည်း လိုပါတယ်။ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက တစ်ချိန်က ဒေသတွင်းမှာ ပြည်ပကို ဆန်စပါးတင်ပို့မှုမြင့်မားခဲ့တဲ့ အခြေအနေကိုပြန်လည်ရောက်အောင် ကြိုးစားလုပ်ဆောင်ကြဖို့ မှာချင်ပါတယ်။ ထို့အတူ မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည် မျှော်မှန်းပြီး ကြိုးစားလုပ်ဆောင်သွားဖို့လည်း တိုက်တွန်းပါတယ်။ နောက်တစ်ချက်ကတော့ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ ပဲပုပ်၊ နေကြာ စတာတွေကို တိုးချဲ့ စိုက်ပျိုးသွားကြဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဆီထွက်သီးနှံတွေ စိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုလိုအပ်ချက်ပြည့်မီနိုင်တဲ့ အခြေအနေရှိနေပေမယ့်လည်း လက်တွေ့မှာတော့ ပြည်ပကစားအုန်းဆီတွေကို နှစ်စဉ်နိုင်ငံခြားငွေများစွာ သုံးစွဲပြီး ဝယ်ယူတင်သွင်းနေရပါတယ်။ ပြည်တွင်းမှာ တကယ်လုပ်ရင် ဖြစ်နိုင်ပါလျက်နဲ့ ခုလိုနိုင်ငံခြားက တင်သွင်းနေရတာမျိုးဟာ မဖြစ်သင့်တဲ့ကိစ္စ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဆီထွက်သီးနှံတွေထဲမှာ ပိုမိုအထောက်အကူပြုနိုင်တဲ့ ပဲပုပ်၊ နေကြာနဲ့ နှမ်းစိုက်ပျိုးရေးကို ထိထိရောက်ရောက် ဖြစ်အောင်ဆောင်ရွက်သွားကြဖို့လည်း လိုအပ်ပါတယ်။ နှမ်း၊ နေကြာ စိုက်ပျိုးရေးမှာ အထွက်နှုန်းတိုးဖို့ အထောက်အကူဖြစ်စေမယ့် ဝတ်မှုန်ကူးတဲ့ ပျားမွေးမြူရေးကိုပါ ယှဉ်တွဲလုပ်ဆောင်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

သွားကြမယ်ဆိုရင် ဝတ်မှုန်ကူးကောင်းပြီး အထွက်နှုန်းတိုးစေမှာလည်း ဖြစ်ပါတယ်။ တစ်ဖက်ကလည်း ပျားရည်ထုတ်လုပ်နိုင်ပြီး တောင်သူများအတွက် အကျိုးရှိစေနိုင်မှာဖြစ်လို့ ပျားမွေးမြူရေးကို ပူးတွဲလုပ်ဆောင်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ဒါ့အပြင် စက်မှုကုန်ကြမ်းသီးနှံဖြစ်တဲ့ ရော်ဘာ၊ ဝါ၊ ဝါး စတာတွေကို တိုးချဲ့စိုက်ပျိုးကြဖို့လည်း လိုအပ်ပါတယ်။ ရော်ဘာကို ပြည်တွင်းမှာ အရည်အသွေးရှိရှိ ထုတ်လုပ်နိုင်မယ်ဆိုရင် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ပြီး ပြည်တွင်းလိုအပ်ချက် သုံးကုန်များစွာကို လုံလောက်စေမှာဖြစ်ပါတယ်။ ရော်ဘာအခြေခံတဲ့ ကုန်ချောပစ္စည်းထုတ်လုပ်တဲ့ ဆိုင်ကယ်တာယာ၊ စက်ဘီးတာယာ၊ ကျွတ်၊ မိုးစီးဖိနပ်၊ အခြားလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရပါမယ်။ အလားတူ ကျွန်တော်တို့နိုင်ငံမှာ ဝါကိုအခြေခံတဲ့ စက်မှုလုပ်ငန်းဟာ အသေချာဆုံးနဲ့ အထိရောက်ဆုံးသောလုပ်ငန်း ဖြစ်ပါတယ်။ လူတို့အတွက် အဓိကလိုအပ်တဲ့ အဝတ်အစားကို ပြည်တွင်းဝါထုတ်လုပ်မှုက လုံလောက်မှု များစွာပေးနိုင်တဲ့ အခြေအနေရှိပေမယ့် ချည်၊ ချည်ထည်ထုတ်လုပ်ဖို့ လိုအပ်ချက်ရှိနေတာကြောင့် လက်တွေ့မှာ ချည်အမျိုးမျိုးကို ပြည်ပက တင်သွင်းနေရတာကလည်း မဖြစ်သင့်ပါဘူး။ ဝါစိုက်ဧက ၅၂၄၀၀၀ ခန့်ရှိတာမို့ မျိုးကောင်းတဲ့ ချည်မျှင်ရှည်ဝါကို ထိထိရောက်ရောက် စိုက်ပျိုးပြီး ဝါကိုအခြေခံတဲ့ ဝါဂွမ်း၊ ချည်၊ ချည်ထည်လုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်နိုင်မယ်ဆိုရင် အကျိုးများစွာရှိမယ်ဆိုတာ ထောက်ပြမှာကြားလိုပါတယ်။

အလားတူ ဝါးကိုအခြေခံတဲ့ စက်မှုလုပ်ငန်းကိုလည်း အလေးထား လုပ်ဆောင်ကြဖို့ လိုပါတယ်။ မြန်မာနိုင်ငံဟာ တစ်နှစ်ဝါးလုံးရေ သန်း ၃၀၀ ကျော် ထုတ်လုပ်သုံးစွဲနိုင်တယ်လို့ တွက်ချက်သိရှိရပါတယ်။ နှစ်စဉ်ပြည်ပမှ စက္ကူမျိုးစုံ တန်ချိန် နှစ်သိန်းမှ လေးသိန်းအထိ တင်သွင်းနေရပြီး ၂၀၁၈ မှ ၂၀၂၅ အတွင်း စက္ကူတန်ချိန် နှစ်သန်းကျော် တင်သွင်းခဲ့ရတဲ့အတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ကျခံသုံးစွဲခဲ့ရပါတယ်။ ဒါကြောင့် စက္ကူထုတ်ရန် အဓိကကုန်ကြမ်းဖြစ်တဲ့ မြန်မာနိုင်ငံမှာ ပေါက်ရောက်နေတဲ့ ဝါးကို အကျိုးရှိစွာ အသုံးချနိုင်ဖို့လိုပါတယ်။ ဝါးဟာ စားဝတ်နေရေးအတွက် အခြေခံ လိုအပ်ချက်ဖြစ်သလို စက်မှုကုန်ကြမ်းဖြစ်တဲ့ ပျော့ဖတ်၊ ဝါးချည်မျှင် စတာတွေကိုပါ ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ အနိမ့်ဆုံး ပျော့ဖတ်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရပါမယ်။ အလားတူ ကော်ဖီဟာ ကမ္ဘာ့ဈေးကွက်ကြီးမားစွာ ရှိနေပါတယ်။ မြန်မာနိုင်ငံအနှံ့မှာ အကြမ်းဖျင်းအားဖြင့် ခွဲခြားပြောနေတဲ့ ကုန်းမြင့်ကော်ဖီ (Arabica)၊ မြေနိမ့်ကော်ဖီ (Robusta) ကောင်းစွာဖြစ်ထွန်းပါတယ်။ ဒါကြောင့် ကော်ဖီစိုက်ပျိုးရေးမှာလည်း မြေနိမ့်ဒေသနဲ့ တောင်ပေါ်ဒေသတွေမှာ နေရာဒေသအလိုက် ဖြစ်ထွန်းမယ့် ကော်ဖီစိုက်ပျိုးရေးကို အားပေးမြှင့်တင်ပေးကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သီဟိုဠ်၊ သရက်၊ ဒူးရင်း၊ ထောပတ်များ စိုက်ပျိုးပြီး ကုန်ချောတွေထွက်ရှိအောင် စိုက်ပျိုးနိုင်မယ်ဆိုရင် ပြည်ပအထိ တင်ပို့နိုင်မယ့် အနေအထားရှိနေတာ အားလုံးအသိပဲဖြစ်ပါတယ်။

စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ဖို့အတွက် အဓိကကျတဲ့ မျိုး၊ မြေ၊ ရေ၊ နည်း စတဲ့အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းမြှင့်တင်ပြီး သိပ္ပံနည်းကျစိုက်ပျိုးရေးနဲ့ စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်ကို ကူးပြောင်းကြဖို့ လိုပါတယ်။ ခုချိန်မှာ တချို့နိုင်ငံတွေမှာ စိုက်ပျိုးရေးကို AI နဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်နေကြပြီလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့လည်း မိရိုးဖလာစိုက်ပျိုးရေးကနေ စနစ်တကျစိုက်ပျိုးရေး၊ စက်မှုလယ်ယာစိုက်ပျိုးရေးကို ကူးပြောင်းမှသာ ပြည်တွင်းလိုအပ်ချက်ကို မြှင့်တင်ပေးနိုင်မှာလည်း ဖြစ်ပါတယ်။ ဒီလို တိုးမြှင့်နိုင်ဖို့အတွက်လည်း MSME လုပ်ငန်းတွေမှာ ပြည်တွင်းထုတ် စိုက်ပျိုးရေးစက်ကိရိယာတွေကို တီထွင်ထုတ်လုပ်နိုင်ဖို့ အားပေးဆောင်ရွက်လျက်ရှိနေပါတယ်။ စက်မှုလယ်ယာအတွက် စက်ပစ္စည်းတွေထုတ်လုပ်နိုင်ဖို့ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားရတဲ့ ပြည်တွင်းရှိစက်ရုံတွေ ပြန်လည်လည်ပတ်နိုင်ဖို့လိုသလို နိုင်ငံပိုင်စက်ရုံတွေနဲ့ ပုဂ္ဂလိကစက်ရုံတွေကို တိုးချဲ့ထုတ်လုပ်နိုင်အောင် အားပေးမြှင့်တင်သွားကြရမှာလည်း ဖြစ်ပါတယ်။ **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့”** ဆိုတဲ့ ဆောင်ပုဒ်နဲ့ အညီ စီးပွားရေးကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြဖို့လည်း တိုက်တွန်းမှာကြားလိုပါတယ်။

ကျွန်တော် အထက်မှာပြောခဲ့သလို အခြေအနေပေးသလောက်၊ ထုတ်လုပ်နိုင်သလောက် မထုတ်လုပ်နိုင်ကြလို့ ဒီနေ့ဝယ်လိုအားနဲ့ မမျှတတာ ဖြစ်နေပါတယ်။ ဒါ့ကြောင့် မလိုအပ်ဘဲ အများစုကို ပြည်ပက တင်သွင်းနေရတဲ့အတွက် ကုန်ဈေးနှုန်းကြီးမြင့်နေတာလည်း ဖြစ်ပါတယ်။ အလားတူ မွေးမြူရေးမှာလည်း ဥစားကြက်မွေးမြူရေး၊ အသားတိုးကြက်မွေးမြူရေး၊ အသားတိုးဝက် မွေးမြူရေးတွေမှာ မွေးမြူနေကြတဲ့ အရေအတွက်နဲ့ စားသုံးသူဦးရေ အချိုးမမျှတတာတွေ တွေ့ရပါတယ်။

> **❑ ကျွန်တော်တို့ တာဝန်ယူခဲ့တဲ့ ငါးနှစ်တာကာလအတွင်းမှာ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ ဒါ့ကြောင့် အခြေခံကောင်းများ ရရှိနေပြီဖြစ်တဲ့အတွက် အစိုးရသစ်ကာလမှာ အရှိန်အဟုန်နဲ့ ဆက်လက်တိုးတက်မှုရအောင် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် အခုအစိုးရသစ်မှာ စက်မှုဝန်ကြီးဌာနကို စက်မှုနဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနလို့ ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်လို့ MSME ကဏ္ဍကို ဘက်ပေါင်းစုံက မြှင့်တင်ကြဖို့ တိုက်တွန်းမှာကြား**

မိသားစုတိုင်း မိသားစုတိုင်း တစ်အိမ်ထောင်စားသုံးရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ကြဖို့ အားပေးဆောင်ရွက်သွားကြစေချင်ပါတယ်။ ရှေးယခင်ကတည်းကရှိခဲ့တဲ့ **“အိမ်နောက်ဖေး ဈေးဆိုင်တည်”** ဆိုတဲ့စကားဟာ တကယ်လုပ်ကြရင် မိသားစုစားဝတ်နေရေး အဆင်ပြေသလို မြေကို အကျိုးရှိအောင် အသုံးချတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ကျန်းမာရေးနဲ့လည်း ညီညွတ်ပြီး ပြည်တွင်းစားသုံးမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာလည်း ရောက်မှာဖြစ်ပါတယ်။

တိရစ္ဆာန်အစားအစာနဲ့ ပတ်သက်ရင်လည်း ပြည်တွင်းမှာ ဖွဲ၊ ဆန်ကွဲ၊ ပြောင်းတို့ဟာ နိုင်ငံအဝန်းမှာ ဖြစ်ထွန်းလျက်ရှိပြီး ပဲဖတ်၊ နှမ်းဖတ်နဲ့ ငါးခြောက်မှုန့် စတဲ့ကုန်ကြမ်းတွေကနေ များစွာထုတ်လုပ်နိုင်တဲ့ အခြေအနေရှိပါတယ်။ ရောစပ်ဖို့လိုအပ်တဲ့ တိရစ္ဆာန်ဆေးဝါးလောက်သာ ပြည်ပက တင်သွင်းပြီး ကျန်တဲ့ကုန်ကြမ်းတွေကို ပြည်တွင်းက ထွက်ရှိတာတွေနဲ့ သုံးသွားမယ်ဆိုရင် များစွာ အကျိုးရှိ အဆင်ပြေမှာလည်း ဖြစ်ပါတယ်။

စိုက်ပျိုးမွေးမြူရေးဟာ ပြည်သူအားလုံးရဲ့ အခြေခံလိုအပ်ချက်ဖြစ်သလို နိုင်ငံ့စီးပွားရေးအတွက်လည်း အဓိကကျတာဖြစ်လို့ ကျွန်တော်အထက်က ပြောခဲ့တာတွေကို အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်ကြစေချင်ပါတယ်။ ခုထိ ရည်မှန်းချက် မအောင်မြင်သေးတာ၊ လိုအပ်ချက်တွေ ရှိနေတာဟာ ကျေးလက်နေပြည်သူလူထု ၇၀ ရာခိုင်နှုန်းလောက်ကလည်း စိုက်ပျိုးမွေးမြူရေးကို စနစ်တကျ သေသေချာချာ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ မြို့နေလူထုဖြစ်တဲ့ ၃၀ ရာခိုင်နှုန်းလောက်ကလည်း ကုန်ထုတ်လုပ်ငန်းများမှာ ပံ့ပိုးဆောင်ရွက်မှုကို လုပ်သင့်သလောက် မလုပ်ကြလို့ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အစိုးရသစ်အနေနဲ့ အထက်က ပြောခဲ့တာတွေကို သုံးသပ်ပြီး စိုက်ပျိုး/မွေးမြူရေး ပညာရှင်များ၊ ကျွမ်းကျင်သူများ မွေးထုတ်ကာ လက်တွေ့မှာ ထိရောက်အောင်မြင်အောင် အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားကြဖို့ အလေးထား မှာကြားလိုပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့နဲ့ လျှပ်စစ်မီးရရှိရေး၊ ရေကောင်းရေသန့်ရရှိရေးစတဲ့ အခြေခံအဆောက်အအုံတွေ ပြည့်စုံလုံလောက်ဖို့လည်း လိုအပ်ပါတယ်။ လျှပ်စစ်ကဏ္ဍဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့နဲ့ စီးပွားရေးတိုးတက်မှုတို့အတွက် အခြေခံကျပါတယ်။ ဒါ့ကြောင့် နိုင်ငံမှာ လိုအပ်နေသေးတဲ့ လျှပ်စစ်စွမ်းအင်ကဏ္ဍမြှင့်တင်ရေးကို အလေးထားလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ အဲလိုလုပ်ဆောင်ရာမှာ ဆောင်ရွက်ဆဲ စီမံကိန်းတွေကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဖို့လိုသလို အကြောင်းအမျိုးမျိုးကြောင့် ဆိုင်းငံ့ထားရတဲ့၊ မလုပ်ဖြစ်သေးတဲ့ လျှပ်စစ်စီမံကိန်းတွေကိုလည်း ပြန်လည်သုံးသပ်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျော့နည်းစေတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်တွေနဲ့ လုပ်ဆောင်ကြဖို့လည်း လိုအပ်ပါတယ်။ အချို့မြစ်တွေမှာ မြေနိမ့်တမံတွေ တည်ဆောက်ပြီး ရေကိုထိန်းသိမ်း သိုလှောင်နိုင်မယ်ဆိုရင် စိုက်ပျိုးရေးကို အထောက်အကူပေးနိုင်တဲ့အပြင် လျှပ်စစ်ဓာတ်အားကိုလည်း ထုတ်လုပ်နိုင်မှာဖြစ်လို့ စဉ်းစားဆောင်ရွက်ကြဖို့လိုပါတယ်။

လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ကျွန်တော်တို့နိုင်ငံနဲ့ ကိုက်ညီတဲ့ ဆိုလာဓာတ်အားပေးစနစ်ကိုလည်း ဆောင်ရွက်သွားကြဖို့ လိုပါတယ်။ နိုင်ငံတော်တော်များများမှာ ဆိုလာစနစ်ဟာ အောင်မြင်နေပြီဖြစ်ပေမယ့်လည်း ကျွန်တော်တို့နိုင်ငံမှာ အများကြီး အားနည်းနေပါသေးတယ်။ မိမိတို့နိုင်ငံ အလယ်ပိုင်းမှာ နေရောင်ခြည်ကို တစ်နှစ်မှာ ရက် ၃၀၀ လောက် ပြည့်ပြည့်ဝဝ ရရှိပါတယ်။ မိုးများတဲ့ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများမှာဆိုရင်တောင် ရက် ၂၅၀ ခန့် နေရောင်ခြည်ရနိုင်ပါတယ်။ ဒါကြောင့် အိမ်သုံးကအစ၊ စီးပွားရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းနဲ့ စိုက်ပျိုးရေးအတွက် မြစ်ရေတင်လုပ်ငန်း စတာတွေမှာ ဆိုလာဓာတ်အားပေးစနစ်ကိုပြောင်းလဲသုံးစွဲနိုင်ကြမယ်ဆိုရင် ဓာတ်အားလိုအပ်ချက်ကိုလည်း များစွာဖြည့်တင်းပေးနိုင်မှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မီးစက်တွေအတွက် ပြည်ပက တင်သွင်းနေရတဲ့ စက်သုံးဆီ လိုအပ်ချက်ကို လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း ချွေတာနိုင်မှာ ဖြစ်ပါတယ်။

အလားတူ သယ်ယူပို့ဆောင်ရေးကဏ္ဍကိုမြှင့်တင်ပြီး ပြည်သူများသွားလာမှုအဆင်ပြေစေဖို့နဲ့ ကုန်စည်စီးဆင်းမှုများလည်း မှန်ကန်မြန်ဆန်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကုန်စည်ပို့ဆောင်မှုအဆင်ပြေပြီး ကုန်ဈေးနှုန်းမြင့်တက်မှုကိုလည်း လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတကာရင်ဆိုင်ကြုံတွေ့နေရတဲ့ လောင်စာဆီ၊ စက်သုံးဆီ ခြိုးခြံချွေတာရေးကိုလည်း ချမှတ်ထားတဲ့ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနဲ့အညီ လိုက်နာဆောင်ရွက်ကြဖို့ လိုပါတယ်။ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်မှုများမှာ ရထားပို့ဆောင်ရေးကဏ္ဍကို ပိုမိုတိုးမြှင့်သုံးစွဲကြဖို့နဲ့ ဓာတ်ဆီ၊ ဒီဇယ်သုံးနေတဲ့ ယာဉ်များအစား လျှပ်စစ်စွမ်းအင်သုံးယာဉ်များကို ပိုမိုသုံးစွဲနိုင်အောင် စီမံဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ပို့ဆောင်ရေးကဏ္ဍမှာ များများတင်နိုင်ပြီး မြန်မြန်ပို့ဆောင်ပေးနိုင်မယ့် ကုန်ကျစရိတ်လည်း သက်သာစေတဲ့ မီးရထားကဏ္ဍကို မဖြစ်မနေ မြှင့်တင်ကြရမှာဖြစ်ပါတယ်။ ရထားလမ်းများကို အဆင့်မြှင့်တင်ပေးကြဖို့လိုသလို စက်ခေါင်းများနဲ့ တွဲဆိုင်းများကိုလည်း ခေတ်မီအဆင့်မြင့်လာအောင် ပြောင်းလဲဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြည်တွင်းမှာပဲ စက်ခေါင်းများ၊ တွဲများ မဖြစ်မနေ ကိုယ်တိုင်တည်ဆောက်ထုတ်လုပ်ရမှာ ဖြစ်ပါတယ်။ ခုစတင်ပြောင်းလဲဆောင်ရွက်နေပြီဖြစ်တဲ့ စက်သုံးဆီလောင်စာသုံး စက်ခေါင်းတွေအစား ဘက်ထရီအားသုံးနိုင်တဲ့ စက်ခေါင်းတွေ သုံးစွဲနိုင်မယ်ဆိုရင် စက်သုံးဆီလိုအပ်ချက်ကို လျှော့ချနိုင်မှာဖြစ်သလို သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုနည်းပြီး မြန်ဆန်မှုကအစ အကျိုးပြုလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မီးရထားကဏ္ဍကို ပြည်သူတွေအတွက် သယ်ယူပို့ဆောင်ရေးနဲ့ ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွေမှာ ယခုထက်ပိုမိုထိရောက်အောင်၊ အကျိုးရှိအောင်၊ ပြည်သူက ယုံကြည်အားထားရတဲ့ ပို့ဆောင်ရေးဖြစ်အောင် ကြိုးစားမြှင့်တင်ဆောင်ရွက်သွားကြဖို့ မှာကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ဖို့အတွက် ထူးချွန်ထက်မြက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်တွေ အများကြီးလိုအပ်ပါတယ်။ ပညာရည်နိမ့်သူတွေ၊ ပညာမဲ့သူတွေ၊ အသိပညာနိမ့်ကျသူတွေနဲ့ နိုင်ငံကို တည်ဆောက်လို့ မရနိုင်ပါဘူး။ ဒါ့ကြောင့် ကျွန်တော်တို့တာဝန်ယူခဲ့တဲ့ ကာလတစ်လျှောက်လုံး ပညာရေးကဏ္ဍကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားတည်ဆောက်ပေးနေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ပညာရေးမြှင့်တင်မှုဟာ တစ်ခဏတာကိစ္စမဟုတ်ဘဲ အမြဲတမ်းဆောင်ရွက်နေရမယ့်ကိစ္စ ဖြစ်တာကြောင့် တစိုက်မတ်မတ် အလေးထား ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးဟာ တစ်ချိန်က နိုင်ငံတကာအဆင့်မီခဲ့ပါတယ်။ ဒါပေမယ့်လည်း နောက်ပိုင်းမှာ ပညာရေးကဏ္ဍနိမ့်ကျလာလို့ ဒါကို ပြန်လည်ဦးမော့လာဖို့၊ မြင့်တက်လာဖို့ ကြိုးစားဆောင်ရွက်နေကြတာလည်း ဖြစ်ပါတယ်။ လူငယ်များဟာ နိုင်ငံရဲ့ အနာဂတ်၊ နိုင်ငံရဲ့အင်အား၊ နိုင်ငံကို တည်ဆောက်မယ့်သူတွေ ဖြစ်ကြပါတယ်။ ဒါ့ကြောင့် လူငယ်ကဏ္ဍကိုလည်း မြှင့်တင်ပေးကြရမှာ ဖြစ်ပါတယ်။ လူငယ်ကဏ္ဍမြှင့်တင်ပေးဖို့ဆိုရင် မျိုးဆက်အလိုက် တိုးတက်ပြောင်းလဲအောင် လုပ်ရမှာဖြစ်လို့ အချိန်ယူရပါလိမ့်မယ်။ ဒါ့ကြောင့်လည်း အစကတည်းက စနစ်တကျနဲ့ အခြေခံကောင်းဖို့လိုပါတယ်။

ပညာရေးမြှင့်တင်တယ်ဆိုရာမှာ စာတတ်ရုံ၊ အတန်းပညာတတ်ရုံ၊ တန်းစဉ်အောင်ပြီး ဘွဲ့ရရုံ၊ ဘာသာရပ်ကျွမ်းကျင်သူဖြစ်ရုံလောက်နဲ့ မလုံလောက်နိုင်ပါဘူး။ *စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

ဒါပေမယ့် စာတတ်ဖို့၊ ပညာသင်ကြားဖို့ကတော့ အခြေခံလိုအပ်ချက် ဖြစ်ပါတယ်။ ဒါ့အပြင် အသက်အရွယ်၊ အဆင့်အတန်းအလိုက် ရှိသင့်ရှိထိုက်တဲ့ အတွေးအခေါ်၊ အယူအဆ၊ စဉ်းစားဆင်ခြင်သုံးသပ်မှုနဲ့ ဆင်ခြင်တုံတရား စတဲ့အသိပညာတွေပါ ပြည့်စုံမှ၊ တစ်နည်းအားဖြင့် အတတ်ပညာရော အသိပညာပါ ပြည့်စုံပြည့်ဝပါမှ ပညာတတ်တယ်လို့ ပြောနိုင်မှာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ တွေ့ကြုံနေရတဲ့ အခက်အခဲဟာ အတန်းပညာ နည်းပါးသူတွေနဲ့ စာတတ်ကြသော်လည်းပဲ အသိဉာဏ်ပညာနဲ့ စဉ်းစားတွေးခေါ်မှု နိမ့်ပါးနေကြသူတွေကြောင့် ဖြစ်တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ပညာရေးကဏ္ဍမှာ အခြေခံအဆင့်မှာပဲဖြစ်ဖြစ်၊ အဆင့်မြင့်ပညာမှာပဲ ဖြစ်ဖြစ် **"စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"၊ "စာကိုလည်းသင် လူကိုလည်းပြင်"** ဆိုတဲ့ စကားတွေနဲ့အညီ ကျောင်းသား ကျောင်းသူတွေကို အမှန်တကယ် ပညာပြည့်ဝအောင်၊ ဗလငါးတန် ထူးချွန်အောင်၊ လူကောင်းလူတော်တွေဖြစ်အောင် ဆောင်ရွက်ပေးကြဖို့ အလေးထားမှာကြားလိုပါတယ်။

ပညာရေးမြှင့်တင်ဖို့ဆိုရင်လည်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေဖို့ နဲ့ ကျောင်းထွက်နှုန်းလျှော့ချစေဖို့၊ ပညာကို ဆုံးခန်းတိုင်သင်ကြားကြစေဖို့ လိုအပ်ပါတယ်။ ပညာရည်နိမ့်ပါးရင် စဉ်းစားတွေးခေါ်မှုနဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေဟာလည်း နိမ့်ကျနေမှာလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ အခြေခံပညာကဏ္ဍမှာ KG+9 အဆင့်ထိ အားလုံးသင်ယူနိုင်ကြဖို့ မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကို မိဘများ၊ ဆရာများ အပါအဝင် တာဝန်ရှိသူများနဲ့ နိုင်ငံသားအားလုံးက သဘောပေါက်လက်ခံပြီး အောင်မြင်အောင် ဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အဆင့်မြင့်ပညာဆက်သင်ဖို့ အခက်အခဲရှိရင်လည်း Agro – based Industry ကို အထောက်အကူပြုနိုင်မယ့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး စတဲ့အသက်မွေးဝမ်းကျောင်းဘာသာရပ်တွေကို သင်ကြားတဲ့ အထက်တန်းကျောင်းတွေ ဖွင့်လှစ်ထားတာမို့ အထက်တန်းအဆင့်မှာ အသက်မွေးဝမ်းကျောင်းပညာကို သင်ယူနိုင်ကြမှာ ဖြစ်ပါတယ်။

အဲဒီလို KG+9 အထိ မဖြစ်မနေသင်ကြမယ်ဆိုရင်လည်း ကျောင်းတွေမှာ ကျောင်းသားဦးရေများလာမှာဖြစ်တဲ့အလျောက် ကျောင်းသားဦးရေအလိုက် ကျောင်းစာသင်ခန်းတွေကို လိုအပ်ချက်နဲ့အညီ တိုးချဲ့တာ၊ ဆရာ ဆရာမတွေ ပြည့်စုံအောင် ခန့်အပ်ဖြည့်တင်းပေးကြရမှာ ဖြစ်ပါတယ်။ ကျောင်းနေပျော်ပြီး စာတော်ဖို့အတွက် ကျောင်းဥပမိရပ်များ ကောင်းမွန်ဖို့နဲ့ ဆရာ ဆရာမများ သင်ကြားမှုအရည်အသွေး ပြည့်ဝဖို့လိုမှာဖြစ်ကြောင်း မှာကြားလိုပါတယ်။

ဒီနေ့ နိုင်ငံမှာ တွေ့ကြုံနေရတာက အများစုဟာ တည်ဆဲဥပဒေတွေကို နားလည်မှု နည်းပါးတာ၊ အလေးဂရု မပြုတာတွေကြောင့် တရားဥပဒေစိုးမိုးမှု အားနည်းနေတာကို တွေ့ရှိရပါတယ်။ ပြည်သူအားလုံး ဥပဒေများကို သိရှိလိုက်နာမှသာ စည်းကမ်းပြည့်ဝပြီး အေးချမ်းသာယာကြမှာ ဖြစ်ပါတယ်။ ဥပဒေများကို သိရှိလိုက်နာတတ်ဖို့ ကျောင်းနေစဉ်ကတည်းက သင်ကြားလေ့ကျင့်ပေးကြရမှာ ဖြစ်ပါတယ်။ ပညာရေး အားနည်းရင် တရားဥပဒေလိုက်နာမှု၊ တရားဥပဒေစိုးမိုးမှုမှာလည်း အားနည်းလာတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အခြေခံပညာကျောင်းတွေမှာ ဥပဒေအခြေခံတွေကို အထက်တန်းအဆင့်မှာ သင်ကြားပေးနေပြီး ပြည်နယ်/တိုင်း တက္ကသိုလ်အသီးသီးမှာ ဝိဇ္ဇာဘွဲ့(ဥပဒေ) ပေးနိုင်တဲ့အထိ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့ကြောင့်လည်း လက်ရှိအခြေအနေမှာ တရားဥပဒေစိုးမိုးရေး အထိုက်အလျောက် တိုးတက်လာတာကိုလည်း တွေ့ရှိရပါတယ်။ ရှေ့အစိုးရကာလသစ်မှာလည်း ပိုမိုထိရောက်အောင် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ပညာရေးနဲ့ပတ်သက်လို့ တစ်ချက်ဆက်လက်မှာကြားလိုတာက ကျောင်းမတက်မီ ရှေးဦးသူငယ်ဘဝကတည်းက မူလတန်းစမတက်မီ မူကြိုတက်ခဲ့ကြတဲ့ ကလေးတွေဟာ အခြေခံကောင်းကြတာကို တွေ့ရပါတယ်။ မူကြိုကျောင်းသားတိုင်းဟာ မူလတန်းတက်ကြပါတယ်။ ဒါပေမယ့် မူလတန်းကျောင်းသားတိုင်းကတော့ မူကြိုမတက်ခဲ့ကြရပါဘူး။ ဒီနှစ်ခု ကွာခြားချက်ကတော့ မူကြိုတက်ခဲ့တဲ့ ကလေးတွေဟာ မူလတန်းကအစ ပညာရေးမှာ ပိုမိုပညာလိုလားကြတာတွေ့ရပါတယ်။ ဒါ့ကြောင့် မူကြိုကျောင်းတွေမှာ လူငယ်ပြုစုပျိုးထောင်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနက အလေးထားဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ထိရောက်တဲ့ မူကြိုကျောင်းတွေဖြစ်ဖို့နဲ့ Early Childhood Care and Development ဖြစ်တဲ့ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးကြဖို့လည်း မှာကြားလိုပါတယ်။ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြဖို့ အလေးထားမှာကြားလိုပါတယ်။

ပညာရေးနဲ့အတူ ကျန်းမာရေးကဏ္ဍကိုလည်း မြှင့်တင်ပေးကြရမှာ ဖြစ်ပါတယ်။ **"လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ"** ဆိုတဲ့ ခံယူချက်နဲ့ ကျွန်တော်တို့ တာဝန်ယူခဲ့တဲ့ ကာလတစ်လျှောက် ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်မှုကိုလည်း ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးနေသလို ဆက်လက်ပြီးတော့လည်း မြှင့်တင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဘယ်လောက်ပဲ ပညာတွေတတ်တတ်၊ ဘယ်လောက်ပဲ ထူးချွန်ထက်မြက်နေပါစေ ကျန်းမာရေးမကောင်းရင်၊ ကျန်းမာရေးချို့ယွင်းရင် ဘာမှမလုပ်နိုင်၊ မကိုင်နိုင်၊ အကျိုးပြုနိုင်မှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် ပြည်သူအားလုံး စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်ပေးကြဖို့လည်း မှာကြားလိုပါတယ်။

တစ်ဆက်တည်းမှာပဲ ကျန်းမာရေးနဲ့ ဆက်စပ်နေတဲ့ အားကစားကဏ္ဍမြှင့်တင်ရေးကိုလည်း အလေးထားမှာကြားလိုပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေမှာ ကျဆင်းနေတဲ့ အားကစားကဏ္ဍကို မြှင့်တင်ပေးဖို့လိုပါတယ်။ အားကစားဆိုတာ ကိုယ်လက်လှုပ်ရှားမှုကအစ ဝါသနာပါရာ ကစားနည်းတစ်ခုခုကို လေ့လာလေ့ကျင့် လိုက်စားတာဖြစ်တဲ့အတွက် ကျန်းမာရေးကို များစွာအထောက်အကူပြုတဲ့အပြင် စည်းကမ်း၊ စိတ်ဓာတ် စတာတွေ ကောင်းမွန်ခိုင်မာစေပါတယ်။ **"အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်"** ဆိုတဲ့ စကားနဲ့အညီ နိုင်ငံတကာမှာ အားကစားကို အားပေးပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နေကြတာဖြစ်သလို အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ပေးကြပါလို့လည်း မှာကြားလိုပါတယ်။

ဆက်လက်မှာကြားလိုတာကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ကျေးလက်ဒေသ သန့်ရှင်းသာယာလှပရေး၊ မြို့ပြများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီအတွက် နေပြည်တော်၊ ရန်ကုန်မြို့နဲ့ မန္တလေးမြို့တို့မှာ မြို့တော်စည်ပင်သာယာရေးကော်မတီတွေရှိသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာလည်း စည်ပင်သာယာရေးဝန်ကြီးဌာနတွေ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ မြို့ရွာတွေကို အုပ်ချုပ်မှုလွယ်ကူပြီး သန့်ရှင်းသာယာလှပဖို့ စနစ်တကျ အကွက်ချ လုပ်ဆောင်သွားကြဖို့ လိုပါတယ်။ ဒါ့အပြင် ပြည်သူတွေ အနားယူအပန်းဖြေနိုင်ဖို့နဲ့ အားကစားလေ့ကျင့်ခန်းတွေလုပ်နိုင်မယ့် ပန်းခြံ၊ အားကစားကွင်း၊ အပန်းဖြေနေရာ စတာတွေကိုလည်း စနစ်တကျ တည်ဆောက်ပေးသွားကြဖို့ လိုပါတယ်။

အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်း ယခုအခါမှာဆိုရင် ကမ္ဘာကြီးက ပူနွေးလာပြီး သဘာဝဘေးအန္တရာယ်အမျိုးမျိုး ဖြစ်ပေါ်ခံစားနေရပါတယ်။ သစ်ပင်သစ်တောတွေ ပြုန်းတီးမှုကြောင့် အပူဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားနေရပြီး အညာဒေသတချို့မြို့တွေမှာ ယခုကတည်းက အပူချိန်တွေ တအားမြင့်တက်နေလို့ သက်ကြီးရွယ်အိုတွေ တော်တော်ထိခိုက်ခံစားနေကြရပါတယ်။ ဒါ့ကြောင့် လတ်တလော အပူဒဏ်ကာကွယ်နိုင်ဖို့ အပူရှောင်စခန်းတွေ စီမံပေးဖို့လိုသလို ရေရှည်အတွက် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်ပင်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်သွားကြဖို့ မှာကြားလိုပါတယ်။

ခုအချိန်မှာ ကျွန်တော်တို့ဟာ ပြည်သူ့ဆန္ဒနဲ့အညီ ပြည်သူတွေလိုလားတဲ့ လမ်းကြောင်းမှန်ပေါ်ကို ပြန်ရောက်နေပါပြီ။ ဒီမိုကရေစီ စာမျက်နှာသစ်၊ တစ်နည်းအားဖြင့် ပြောရရင် ဒုတိယစာမျက်နှာကို ရေးဆွဲကြဖို့ အစပြုနေကြပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်တို့ အကြားမှာ ညှိညှိနှိုင်းနှိုင်း၊ တိုင်တိုင်ပင်ပင်နဲ့ နိုင်ငံ့အကျိုးကို ရှေးရှုဆောင်ရွက်သွားကြဖို့ မှာကြားလိုပါတယ်။ တွေ့ကြုံလာရမယ့် အခက်အခဲမှန်သမျှကို ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး စည်းစည်းလုံးလုံး ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ **"အစကောင်းမှ အနှောင်းသေချာ"** ဆိုသလို အတိတ်ကလို နောက်ကြောင်းပြန်လှည့်သွားရတာမျိုး မဖြစ်အောင် အားလုံးက ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ကျွန်တော်ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ကိုလည်း လုပ်ငန်းအတွေ့အကြုံရှိသူတွေ၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်နိုင်မယ့်သူတွေ၊ အမှန်တကယ် လုပ်နိုင်ကိုင်နိုင်ရှိသူတွေနဲ့ ရွေးချယ်ပြီး ယုံယုံကြည်ကြည်နဲ့ အားကိုးအားထားပြုဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဖြစ်ပျက်ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး **"သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့ အုပ်ချုပ်မှု"** ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဗဟိုအဆင့် ကဏ္ဍဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ဒေသဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဦးတည်ချက်၊ ရည်မှန်းချက်တွေ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ ချို့ယွင်းအားနည်းမှုမရှိစေဘဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်သွားကြဖို့လည်း မှာကြားလိုပါတယ်။

နောက်မဏ္ဍိုင်ကြီးတစ်ခုဖြစ်တဲ့ တရားစီရင်ရေးအပိုင်းကလည်း အမှုအခင်းများကို တိတိကျကျ၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် စီရင်ဆောင်ရွက်ပေးကြဖို့နဲ့ သမာသမတ်ကျကျ ဥပဒေနဲ့အညီ တိတိကျကျ ဆောင်ရွက်ပေးကြဖို့လည်း လိုအပ်ပါတယ်။ အပြစ်ရှိတဲ့သူကို ထိုက်သင့်တဲ့ ပြစ်ဒဏ်ချမှတ်ပေးနိုင်ဖို့ လိုသလို တစ်ဖက်ကလည်း ပြည်သူတွေကို ရသင့်ရထိုက်တဲ့ တရားဥပဒေ အကာအကွယ်ရအောင်လည်း လုပ်ပေးကြရမှာ ဖြစ်ပါတယ်။ ပြည်သူက အားကိုးတဲ့ တရားရုံးတွေ၊ ပြည်သူကယုံကြည်လေးစားတဲ့ တရားသူကြီးတွေဖြစ်အောင် ကြိုးစားပေးကြပါလို့ မှာကြားလိုပါတယ်။ နိုင်ငံသားအားလုံးဟာ ဥပဒေနဲ့ပတ်သက်ရင် တန်းတူခံစားခွင့် ရရှိစေဖို့နဲ့ တရားရေးမဏ္ဍိုင်ကို ဖြောင့်မတ်တည်ကြည်ခိုင်မာအောင် တည်ဆောက်သွားကြဖို့လည်း လိုအပ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ အဂတိလိုက်စားမှု ကင်းရှင်းအောင် ဆောင်ရွက်သွားကြဖို့ လိုပါတယ်။ အဂတိလိုက်စားမှုဟာ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေပြီး လူတစ်ဦးချင်းစီရဲ့ အကျင့်စာရိတ္တနဲ့စိတ်ဓာတ်ကိုလည်း ပျက်စီးစေတာဖြစ်ပါတယ်။ သူများ မိုးခါးရေသောက်လို့ သောက်ရပါတယ်ဆိုရာကနေ တစ်စတစ်စ အမြစ်တွယ်လာပြီး အကျင့်ပျက်ခြစားမှုတွေ များလာတာမျိုး မဖြစ်အောင် ထိန်းသိမ်းလုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့ အစိုးရအဖွဲ့နဲ့ နိုင်ငံ့ဝန်ထမ်းများအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားပြည်သူအားလုံး စိတ်ထားမှန်ကန်ကြဖို့နဲ့ စိတ်ကောင်းစေတနာတွေရှိကြဖို့ Mindset တွေကို ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းမှာကြား လိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုလွှတ်တော်ရှေ့မှောက်မှာ ကတိသစ္စာပြုထားကြတဲ့အတိုင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေသွားကြရမှာ ဖြစ်ပါတယ်။ ဒို့တာဝန် အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးကို အလေးထားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်သိလိုက်နာရိုသေပြီး လုပ်ငန်းတာဝန်တွေကို ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်သွားကြဖို့ လိုအပ်တယ်ဆိုတာလည်း အလေးအနက်ထား မှာကြားလိုပါတယ်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေကို အခြေခံကောင်းကောင်းနဲ့ ခိုင်မာအားကောင်းအောင် တဖြည်းဖြည်း တည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။ အတိတ်က ကြုံတွေ့ခဲ့ရတာတွေကို သင်ခန်းစာယူပြီး ချို့ယွင်းအားနည်းမှုနည်းနည်းနဲ့ ခိုင်မာအားကောင်းတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို အောင်မြင်အောင် ဆက်လက်တည်ဆောက်သွားနိုင်ဖို့ မိမိတို့အားလုံး တက်ညီလက်ညီ ဆောင်ရွက်သွားကြဖို့ တိုက်တွန်း မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ -

- မိမိတို့ အစိုးရအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူက ပေးအပ်လာတဲ့ တာဝန်တွေကို သစ္စာရှိရှိ ကျေကျေပွန်ပွန် ထမ်းဆောင်သွားကြပါ၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားကြပါ၊
- အတိတ်ကကြုံတွေ့ခဲ့ရတဲ့ သင်ခန်းစာတွေကို လေ့လာသုံးသပ်ပြီး နိုင်ငံနဲ့ပြည်သူ့အကျိုးကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြပါ၊
- ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စတဲ့ ကဏ္ဍအသီးသီး တိုးတက်အောင် ပူးပေါင်းဆောင်ရွက်ပေးကြပါ၊
- ပြည်သူလူထုရဲ့ ဆန္ဒသဘောထားနဲ့အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံသစ်ကို ဦးတည်ချက်၊ ရည်မှန်းချက်များနဲ့အညီ စိတ်တူကိုယ်တူ အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ အထူးကိုယ်စားလှယ်၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ အထူး ကိုယ်စားလှယ်၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ ဒုတိယ ဥက္ကဋ္ဌ H.E. Mr. Jiang Xinzhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ အထူးကိုယ်စားလှယ်၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာနိုင်ငံတော်သမ္မတက အဆွေတော်အနေဖြင့် ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင် ကိုယ်စား မိမိ၏သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲသို့လာရောက်ပြီး တက်ရောက်ပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံသည် အိမ်နီးနားချင်း ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်သကဲ့သို့ ချစ်ကြည်ရင်းနှီးသည့်နိုင်ငံ၊ ခွဲခွာ၍မရသည့် အိမ်နီးနားချင်း နိုင်ငံများ ဖြစ်ကြပါကြောင်း၊ မိမိအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ပြီးချိန်နာရီပိုင်းအတွင်း အဆွေတော်တို့သမ္မတကြီးက ဝမ်းမြောက်ကြောင်း သဝဏ်လွှာအား ပထမဆုံးပေးပို့ခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ အထူးကိုယ်စားလှယ်၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ ဒုတိယဥက္ကဋ္ဌက အဆွေတော်သမ္မတကြီးထံ မိမိတို့သမ္မတကြီးမှ နှုတ်ခွန်းဆက်စကားပါးလိုက်ပါကြောင်း၊ မိမိအနေဖြင့် သမ္မတကြီး ရှီကျင့်ဖျင်၏ အထူးကိုယ်စားလှယ်အဖြစ် အဆွေတော်သမ္မတကြီး၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို တက်ရောက်ခဲ့ခြင်းသည် နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုအပေါ် တရုတ်နိုင်ငံအနေဖြင့် အထူးအလေးထားမှုကို ဖော်ပြနေခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသည် အချိန်ကာလ ကြာမြင့်စွာဖြင့် တည်ရှိခဲ့ပြီး နှစ်ဦးနှစ်ဖက် ကာလရှည်ကြာစွာဖြင့် ကူညီဖေးမခဲ့ကြခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒအပေါ် ထောက်ခံပေးမှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ၏အကျိုးစီးပွားများ ကာကွယ်ထိန်းသိမ်းရေးကို အစဉ်တစိုက် ထောက်ခံအားပေးပါကြောင်း၊ ယခု အဆွေတော်သမ္မတကြီးဦးဆောင်သည့် အစိုးရ၏ဆောင်ရွက်ချက်များအပေါ် မိမိတို့အနေဖြင့် ထောက်ခံအားပေးပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ထောက်ခံရပ်တည်ပေးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ဆက်လက်လျှောက်လှမ်းလျက်ရှိမှု အခြေအနေများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများအား နှစ်နိုင်ငံ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ ပညာရေး၊ မီဒီယာနှင့် လူငယ်ရေးရာ စသောကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ အထူးကိုယ်စားလှယ်၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ ဒုတိယဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban KARA-OOL ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ (ယာပုံ)



တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander AZIZOV နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌအနေဖြင့် သမ္မတကြီး ဦးမင်းအောင်လှိုင်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့မှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးသည့် မိတ်ဆွေနိုင်ငံများဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁၀

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor SERGYENKO ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။(ယာပုံ)

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေတို့ တက်ရောက်ကြပြီး ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Uladzimir BARAVIKOU နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဘယ်လာရုစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်လျက်ရှိမှု အခြေအနေများ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံ့ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်မှု အခြေအနေများ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုစိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ လူကာရှန်ကိုက ပေးအပ်လိုက်သည့် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်း အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အား ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ လက်ရောက်ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Kirti Vardhan Singh အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Kirti Vardhan Singh ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေတို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Abhay Thakur နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လက်ရောက်ပေးအပ်**

ထိုသို့တွေ့ဆုံစဉ် ဦးစွာအိန္ဒိယ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီ က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာအား နိုင်ငံတော်သမ္မတထံ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက လက်ရောက်ပေးအပ်သည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့နောက် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ခွင့် ရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား နယ်နိမိတ်များ ထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအကြား ရှည်လျားခိုင်မာသည့် သံတမန်ဆက်ဆံရေးရှိမှုနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာလျက်ရှိမှု အခြေအနေများ၊ ကုန်သွယ်ရေးကဏ္ဍတွင် ရူပီးနှင့် ကျပ်ငွေတို့အား တိုက်ရိုက်ပေးချေနိုင်ရေး သဘောတူညီပြီးဖြစ်သဖြင့် ကုန်သွယ်မှုများ တိုးတက်အောင်ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိမှု အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသ ကုန်သွယ်မှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ကမ္ဘောဒီးယားနိုင်ငံအစိုးရ၏ အာဆီယံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဘုရင့်အတိုင်ပင်ခံကောင်စီအဖွဲ့ဝင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ အစိုးရ၏ အာဆီယံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဘုရင့်အတိုင်ပင်ခံကောင်စီအဖွဲ့ဝင် H.E.Mr. Kitti Settha Pandita CHAM Prasidh ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ (အောက်ပုံ)



အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေတို့ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ အစိုးရ၏ အာဆီယံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဘုရင့်အတိုင်ပင်ခံကောင်စီအဖွဲ့ဝင်နှင့်အတူ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Cheng နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် သမ္မတကြီး ဦးမင်းအောင်လှိုင်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့မှု အခြေအနေများ၊ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်လျက် ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ အစိုးရ၏ အာဆီယံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် ဘုရင့်အတိုင်ပင်ခံကောင်စီ အဖွဲ့ဝင်တို့သည် တက်ရောက် လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ထိုင်းနိုင်ငံ ယခင်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ထိုင်းနိုင်ငံ ယခင်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Parnpree Bahiddha-Nukar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ (ယာပုံ)

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ယခင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ထိုင်းနိုင်ငံ ယခင်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသ ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ယခင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး တို့သည် တက်ရောက် လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ နီကာရာဂွါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ တက်ရောက် ခဲ့သည့် နီကာရာဂွါ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Valdrack Jaentschke ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ (ယာပုံ)



အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေတို့ တက်ရောက်ကြပြီး နီကာရာဂွါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Celero Escorcia တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နီကာရာဂွါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများအပေါ် အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့မှု အခြေအနေများ၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် နီကာရာဂွါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့တို့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတ နိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌ၏မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITIKHOUN နှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှ၊ တောင်အာရှနှင့် တောင်ပစိဖိတ်ဌာနညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ (အောက်ပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေတို့ တက်ရောက်ကြပြီး လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှ၊ တောင်အာရှနှင့် တောင်ပစိဖိတ်ဌာနညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ထိုသို့တွေ့ဆုံရာတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိသည့် အခြေအနေများ၊ နိုင်ငံများအကြား သံတမန်ဆက်ဆံမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့တို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးညိုစော အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Kirti Vardhan Singh ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးညိုစောသည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Kirti Vardhan Singh ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Kirti Vardhan Singh ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Kirti Vardhan Singh ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံလူငယ်များအကြား ထိတွေ့ဆက်ဆံမှု မြင့်မားလာစေရေးအတွက် နှီးနှောဖလှယ်ပွဲများနှင့် လေ့လာရေးခရီးစဉ်များ၊ စာတမ်းဖတ်ပွဲများ ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒကျော်စွာ၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးတေဇကျော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံ လွှတ်တော်အချင်းချင်းအကြား ရင်းနှီးမှုပိုမိုတိုးမြှင့်နိုင်ရေး၊ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ H.E. Mr. Igor Sergeyenko အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒကျော်စွာ၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးတေဇကျော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်နိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူလူထုအတွက် အကျိုးရှိမည့် ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်အချင်းချင်း ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌက ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့) ကျင်းပ





**မန္တလေး ဧပြီ ၁၀**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး(သတ္တမနေ့)ကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တရားသူကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း (၈၃)ဦး တက်ရောက်ခဲ့ကြသည်။

ရွှေဦးစွာ အောင်မြေသာစံမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်ကို မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သဖြင့် လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုချက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် တရားသူကြီးများက လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုချက်တွင် လက်မှတ်ရေးထိုးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီး အဆိုပါမိန့်ခွန်းကို လွှတ်တော်မှတ်တမ်းတင်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး တစ်ဦးချင်းအလိုက် တာဝန်ယူရမည့် ဝန်ကြီးဌာန သတ်မှတ်ချက်များကို လွှတ်တော်သို့ တင်ပြရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးနေလင်းစိုး၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဦးသိန်းငွေ၊ လူမှုရေးဝန်ကြီးအဖြစ် ဦးလှကြွယ်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် ဦးကျော်မိုးသက်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအဖြစ် ဦးလှမျိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဖြစ် ဒေါ်သီဂီအောင်၊ စည်ပင်သာယာရေးဝန်ကြီးအဖြစ် ဦးခင်မောင်အေး၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ဦးစိုင်းအောင်ကြည်တို့အား တာဝန်များပေးအပ်ကြောင်း ကြေညာခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရပ်နားခဲ့ပြီး တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

မန္တလေးနေ့စဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တွေ့ဆုံ

**မန္တလေး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံး (၈)ထပ်ဆောင်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများအား တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့တော်သန့်ရှင်းသာယာလှပရေးကို စီမံချက်များချမှတ်ပြီး ဆောင်ရွက်နေသော်လည်း ကြုံတွေ့နေရသည့် အားနည်းချက်များကို သုံးသပ်ကာ သန့်ရှင်းသာယာသော ပတ်ဝန်းကျင်များ ဖြစ်ပေါ်လာစေရန် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးအတွက် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင်နှင့် ပြည်သူများ၏ လိုက်ပါပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာအောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် မြေပြင်တွင် အမှန်တကယ် တွေ့ကြုံနေရမှုများကို ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက စည်ပင်သာယာရေးကော်မတီတွင် ဌာန(၁၄)ခု ရှိပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားကာ ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြို့တော် သန့်ရှင်းရမည်၊ မြို့တော် သာယာလှပရမည်၊ မြို့တော်နေလူထု စိတ်ချမ်းသာရမည်ဆိုသည့် ရည်ရွယ်ချက်များအတိုင်း သန့်ရှင်းသာယာ၍ လှပသော မြို့တော်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မန္တလေးနေ့စဉ်



## ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်း

**မန္တလေး ဧပြီ ၁၀**

ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများကို (၃၄)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အဆိုပါထောက်ပံ့ပွဲသို့ တက်ရောက်လာသူများကို မုန့်ဟင်းခါးကျွေးမွေးလှူဒါန်းရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဆွေလွင်အောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့်ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှင့် ရပ်ကွက်ပြည်သူအိမ်ထောင်စု ၇၀ တို့အား ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှင့် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆားတစ်ထုပ်၊ ဆပ်ပြာခရင်မ်တစ်ဘူး၊ လုံချည်တစ်ကွင်းစီတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၂)၊ ဦးပိုင်အမှတ်(၄၆-က)၊ ဧရိယာပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးအောင်သန်းရွှေ အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ၊ ရေ+မီး အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်ကြူကြူအုန်း(ဘ)ဦးရွှေသောင်း(၅/ခတန(နိုင်)၀၁၀၄၁၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၂၅၆၀၂၆၈၇၆ ၊ ၀၉-၇၉၈၇၈၃၄၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၅၃)၊ ဦးပိုင်အမှတ်(၄၁)၊ ဧရိယာ(၀ ဒသမ ၂၂၃၅)ဧက အကျယ်အဝန်းရှိ မောင်လေးနွယ်(ပါ-၃)အမည်ပေါက် ဘိုးဘမြေကွက်အတွင်းမှ ခဲစင်းဧရိယာ(၀ ဒသမ ၀၁၈၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အဆောက်အအုံ(ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်ဒိန်းဒိန်း(ဘ)ဦးအာရမ်စော(၁၄/နေဖ(နိုင်)၀၈၃၉၅၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၂၅၆၀၂၆၈၇၆ ၊ ၀၉-၇၉၈၇၈၃၄၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(က)ရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(က/၂၉၇)၊ အကျယ်ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးခင်မောင်ညွန့် အမည်ပေါက် ဂရန်မြေကွက်အနက်မှ အနောက်ဘက်ခြမ်းပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စောမာဝင်း(ဘ)ဦးလှဝင်း(၈/ရစက(နိုင်)၀၉၅၅၅၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်သူ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် ခင်ပွန်းအဖြစ် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မေဃဂီရိရပ်ကွက်၊ ပတ္တမြားဝင်းနေ (ဘ)ဦးဝင်းတင်၏သား ဦးဝင်းလွင်ဦး(၉/အမဇ(နိုင်)၀၂၈၉၅၀)နှင့် ပုလဲငွေရောင်ရပ်ကွက်၊ အကွက်(၁၅၁)၊ ၈၃လမ်း၊ လမ်း၂၀နှင့်၂၁လမ်းကြားနေ (ဘ)ဦးထွန်းနိုင်၏သမီး ဒေါ်စိုးလှဲ့နိုင်(၉/မရမ(နိုင်)၀၀၄၅၄၇) တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်တော့သောကြောင့် (၂၉-၃-၂၀၂၆)ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ ဦးဝင်းလွင်ဦးနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ပတ်သက်ဆက်နွယ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်းနှင့် ရထိုက်ခွင့်ပစ္စည်းတစ်စုံတစ်ရာ ကျန်ရှိခြင်းမရှိတော့ပါ။ သို့ဖြစ်ပါ၍ ဦးဝင်းလွင်ဦးနှင့် ပတ်သက်သည့် မည်သည့်ပြဿနာ အရှုပ်အရှင်း တစ်စုံတစ်ရာကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဒေါ်စိုးလှဲ့နိုင်(၉ /မရမ(နိုင်)၀၀၄၅၄၇)၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသူဝင်းကို(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၁)**
**အမှတ်(၆၃)၊ ၈၃လမ်းနှင့်၂၁လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၁၄၀၀၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂)၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဒေါ်နီနီအောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ကာသွပ်မိုး(၁)ထပ် အဆောက်အအုံ(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်နီနီအောင်(ဘ)ဦးအောင်စိန်(၉/မကန(နိုင်)၀၂၅၈၃၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဖိုးမာ(LL.B) ဒေါ်ခင်သန္တာထူး(LL.B) ဒေါ်နှင်းယုလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ယဉ်မွန်အိ (LL.B)**
**အထက်တန်းရှေ့နေ**
**'အောင်ထူးထူး ' ဥပဒေအကျိုးဆောင်ရုံးခန်း**
**၃၄လမ်းနှင့်၆၃လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၂၃၈၉၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့၊ မန္တလေးမြို့တွင် နေထိုင်သူ ဒေါ်နှင်းသီရိလှိုင်(ဘ)ဦးမျိုးမင်း(၉/ခအဇ(နိုင်)၀၅၈၃၃၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ Rico-JonMarcus Kruger သည် မန္တလေးမြို့ရှိ International School တွင် သင်ကြားရေးဆရာအဖြစ် ဆောင်ရွက်နေသူဖြစ်ပါသည်။ သို့သော် ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူအား Facebook လူမှုကွန်ရက်စာမျက်နှာပေါ်ရှိ International School Private School Group တွင် ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူအား ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန်သောစာသားများ ရေးသားဖော်ပြပြီး Social Media များတွင် Ritaa Varice အမည်ပါ အကောင့်ဖြင့် ပို့စ်များ တင်ထားသည်ကို မြင်တွေ့ခဲ့ရပါသည်။ နောက်နောင်တွင် ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ Rico-JonMarcus Kruger အား ဂုဏ်သိက္ခာကျဆင်းစေရန် မမှန်မကန်သော စာသားများ ရေးသားဖော်ပြမှုများ ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန္ဒာမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၀၃၆)**
**ဒေါ်ချောစုမေ(စဉ်-၉၈၁၅)၊ ဒေါ်ဆုမွန်မွန်(စဉ်-၁၁၆၄၇)၊ ဦးကျော်ကျော်နိုင်(စဉ်-၁၅၃၈၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အိမ်အမှတ်(ဒီ-၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ရုံးခန်း ၀၉-၄၅၀၀၄၉၇၀၆၊ ၀၉-၂၀၃၅၈၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံ(စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၃)၊ ဦးပိုင်အမှတ်(၃၅) နေ ဦးခင်မောင်သိန်း(ဘ)ဦးတင်ရွှေ [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(၉/မရတ(နိုင်)၀၆၅၃၀၄)]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံ(စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၃)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်သိန်း အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် သက်ဆိုင်သော ဂရန်မူရင်း၊ စလစ်မူရင်းတို့မှာ ဦးခင်မောင်သိန်း၏ လက်ဝယ်တွင် ပျောက်ဆုံးသွားပါသည်။

သို့ဖြစ်ပါ၍ အထက်အဆိုပါ ဂရန်မြေကွက်၏ ဂရန်မူရင်း၊ စလစ်မူရင်းတို့အား အသစ်ပြန်လည်လျှောက်ထားထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်တော့်ထံသို့ဖြစ်စေ၊ ကျွန်တော်၏ မိတ်ဆွေ ဦးခင်မောင်သိန်းထံသို့ဖြစ်စေ အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိုးထွန်းထွန်းဇော် LL.B(Q) ဦးသက်ပိုင်ဦး LL.B**
**တရားလွှတ်တော်ရှေ့နေများ**
**၃၃လမ်း၊ ၆၃လမ်းနှင့်၆၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၆၇၁၄၊ ၀၂-၂၈၃၅၀၂၄၊ ၀၉-၉၅၁၁၁၆၀၄၅**

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတ က

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်** အဖြစ်

**သီရိပျံ့ချီ ဦးမျိုးအောင်** အား

ရွေးချယ်ခန့်အပ်တာဝန်ပေးမှုအပေါ်

မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ(မန္တလေး)အနေဖြင့်

အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့်

ဝန်ကြီးချုပ် ဦးဆောင်သော အစိုးရအဖွဲ့သစ်၏

လုပ်ငန်းတာဝန်များသည်

ဘက်စုံတိုးတက်အောင်မြင်ပါစေကြောင်း၊

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့်

နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ(မန္တလေး)

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၆)၊ ဦးပိုင်အမှတ်(၆၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်းထွန်း အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း (၂၀×၆၀)ပေ၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက် အစိတ်အပိုင်းနှင့် မီးမီတာအပါအဝင် အဆိုပါမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်သူဖြစ်သော ဦးဝင်းထွဋ်အောင်(ဘ)ဦးအောင်ခင်(၁၃/သပန(နိုင်)၀၀၀၄၉၉)မှ အရောင်းအဝယ်အဆင့်ဆင့်ဖြင့် မိမိလက်ရှိပိုင်ဆိုင်ပြီး ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။

အထက်ပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးမျိုးသူရဦး(LL.B)**
**အထက်တန်းရှေ့နေ**
**ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းဘဲတန်းရပ်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၇၇၄၃၈၄၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ရှာမွန်သာကျေးရွာနေ၊ ဦးရဲကိုကိုနိုင်(ဘ)ဦးကျော်မွေး(၉/သစန(နိုင်)၂၀၇၆၇၅)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲကိုကိုနိုင်သည် ၄င်း၏ မိသားစုနှင့်အတူ မော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းကို အမည်ကောင်းသတင်းကျော်စောစွာဖြင့် အမည်ပျက်မရှိဘဲ ရိုးသားကြိုးစားစွာလုပ်ကိုင်စားသောက်နေသူဖြစ်သဖြင့် ဦးရဲကိုကိုနိုင်နှင့် ပတ်သက်၍ မကောင်းသတင်းဖြန့်ချိခြင်း၊ Tiktok၊ Facebook(လူမှုကွန်ယက်စာမျက်နှာ)၊ Messengen Viben Telegram စသည်တို့တွင် ဂုဏ်သိက္ခာကျဆင်းစေမည့်ကိစ္စရပ်များကို ရေးသားဖော်ပြခြင်းမပြုလုပ်ပါရန်နှင့် ဦးရဲကိုကိုနိုင်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရေးသားဖော်ပြသူ မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ဝတ်ရည်ဝင့်(LL.B) ဦးကျော်ကိုသက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**(ဈ/၅)၊ အိမ်အမှတ်(၁၇)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၀၉(A)လမ်း၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၃၅၆၂၁၊ ၀၉-၄၃၀၉၁၂၈၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ လမ်း ၃၀ နေ ဒေါ်ခင်နှင်းအေး(ခ)ရှကနန်း(ဘ)ဦးကရွှန်း(၁၃/ကလန(နိုင်)၀၀၁၆၀၁)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်နှင်းအေး(ခ)ရှကနန်းသည် ဦးတင်အောင်လေးနှင့် အိမ်ထောင်ပြုခဲ့ပြီးနောက် မနှင်းပွင့်ဖြူ၊ မောင်ခင်မောင်အေးနှင့် မောင်ခင်မောင်ဌေးတို့ကို မွေးဖွားခဲ့ရာ ဒေါ်ခင်နှင်းအေး(ခ)ရှကနန်းတို့ မိသားစုအားလုံးသည် ရှမ်းနီလူမျိုး၊ အစ္စလာမ်ဘာသာကိုးကွယ်ကြသူများဖြစ်သဖြင့် အစ္စလာမ်ဓလေ့ထုံးတမ်းများနှင့် သက်ဆိုင်ကြပါသည်။ ဦးတင်အောင်လေးကွယ်လွန်ပြီးနောက်ပိုင်း ဒေါ်ခင်နှင်းအေး(ခ)ရှကနန်းသည် ၄င်း၏ သားသမီးများရသင့်ရထိုက်သည့် အမွေဝေစုများကို မိဘတို့၏ ဝတ္တရားနှင့်အညီ မိသားစုသဘောတူအမွေစီမံမှုမှတ်တမ်းများပြုလုပ်ခဲ့၍ ခွဲဝေပေးခဲ့ပြီးနောက် သမီးဖြစ်သူ မနှင်းပွင့်ဖြူသည် ၄င်းအိမ်ထောင်ကျပြီးနောက်ပိုင်း မိခင်ဖြစ်သူအပေါ် မဟုတ်မမှန် စွပ်စွဲတိုင်တန်းခြင်းများ ပြုလုပ်လာမှုနှင့် ပတ်သက်၍ ဒေါ်ခင်နှင်းအေး(ခ)ရှကနန်းဘက်မှ ပြန်လည်ဖြေရှင်းဆောင်ရွက်သွားမည်မဟုတ်ကြောင်းနှင့် ယခုသတင်းစာကြေညာသည့်နေ့မှစ၍ ဒေါ်ခင်နှင်းအေး(ခ)ရှကနန်းအပေါ်မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း၊ Tiktok၊ Facebook(လူမှု ကွန်ယက်စာမျက်နှာ)၊ Messengen Viben Telegram စသည်တို့တွင် ရေးသားဖော်ပြဆောင်ရွက်ခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ အထက်ဖော်ပြပါ အချက်အလက်များကို လိုက်နာခြင်းမရှိဘဲ ဆက်လက်ပြုမူဆောင်ရွက်ခဲ့ပါက ဒေါ်ခင်နှင်းအေး(ခ)ရှကနန်း ကိုယ်တိုင်မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ဝတ်ရည်ဝင့်(LL.B) ဦးကျော်ကိုသက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**(ဈ/၅)၊ အိမ်အမှတ်(၁၇)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၀၉(A)လမ်း၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၃၅၆၂၁၊ ၀၉-၄၃၀၉၁၂၈၁**

## မောင်အောင်မိုးဦးနှင့် မောင်ကျော်လင်းအောင် တို့အား အမွေစား၊ အမွေခံ သားများအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ နောင်ခမ်းကြီးကျေးရွာနေ ဦးအောင်စံ(ဘ)ဦးစံလှ(၁/မကန(နိုင်)၀၈၈၇၈၃)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

ဦးအောင်စံ၏ သားများဖြစ်ကြသော မောင်အောင်မိုးဦး(ဘ)ဦးအောင်စံ(၁/မကန(နိုင်)၂၅၈၀၃၃)နှင့် မောင်ကျော်လင်းအောင်(ဘ)ဦးအောင်စံ(၁/မကန(နိုင်)၂၆၅၉၈၅)တို့သည် ဖခင်နှင့်အတူ နေထိုင်စဉ် ငွေရေးကြေးရေးများကို အကြောင်းအမျိုးမျိုးပြ၍ တောင်းဆိုခြင်း နေ့စဉ်နှင့်အမျှ ဖခင်စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြဿနာများကို ဖန်တီး၍ ပြုလုပ်ဆောင်ရွက်ကြောင်း၊ အခြားသူများထံမှ ငွေကြေးများနှင့် ပတ်သက်ပြီး အရှုပ်အရှင်းများကို ဖခင်မှ အကြိမ်ကြိမ်လိုက်၍ ဖြေရှင်းခဲ့ရကြောင်း၊ နောက်ဆုံးတွင် ဖခင်ဖြစ်သူမှ ပြောဆိုဆုံးမ မရသည့်အတွက် ဖော်ပြပါ သား(၂)ဦးအား အမွေပြတ်စွန့်လွှတ်ကြောင်း ယနေ့မှစ၍ သား(၂)ဦးနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

မောင်အောင်မိုးဦးနှင့် မောင်ကျော်လင်းအောင်တို့နှင့် ပတ်သက်ပြီး ငွေကြေးအရှုပ်အရှင်းနှင့် အခြားပြဿနာများ ဖြစ်ပွားလာပါက ဖခင်ဖြစ်သူမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးအောင်စံ(ဘ)ဦးစံလှ**
**(၁/မကန(နိုင်)၀၈၈၇၈၃)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B(Advocate)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၇၅)၊**
**၆၅လမ်းနှင့် ၆၆လမ်းကြား၊ ရေနံမြောင်းလမ်း၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၉၆၅၅၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(A-၉)၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ(၀ ဒသမ ၁၆၅၃)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အနောက်ဘက်ဆုံးအခြမ်း အရှေ့-အနောက် ပေ(၄၀)၊ တောင်-မြောက် ပေ(၉၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ရွှေရည်(ခ)ဒေါ်ရွှေရီ(ဘ)ဦးခင်ဖေ(၁/ကမန(နိုင်)၀၁၀၃၈၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဘုန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇ လမ်း၊ ၃၁အေလမ်းနှင့် ၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၇)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အားစိန်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ရောင်းချသူဖြစ်သော ဒေါ်အားစိန်(ဘ)ဦးရှောင်လင်(၉/မရတ(နိုင်)၁၀၅၉၀၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၅)၊ ဦးပိုင်အမှတ်(၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးမျိုးဆွေအမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့်တကွ ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမျိုးဆွေ(ဘ)ဦးထွန်းရှိန်(၉/မရမ(နိုင်)၀၆၂၄၇၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (ဓ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (ယာဉ်ပျံရပ်)၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ်(၂၂၅/၂)၊ မြေဧရိယာ(၀ ဒသမ ၀၁၃၇)အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ရီမြင့်အမည်ဖြင့် ချထားပေးသောမြေဖြစ်ပါသည်။ အဆိုပါ အရှေ့အနောက်ပေ(၂၀)၊ တောင်မြောက် ပေ(၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ (၂)ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ရီမြင့်(ဘ)ဦးရွှေမောင်(၇/အတန(နိုင်)၀၃၁၅၈၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်လင်း(LL.B, D.B.L; D.I.L) ဒေါ်ပိုးဥတင်ထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ကုံကော်လမ်းသွယ်၊ မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၂၅၆၉၂၂၉၈၆၊ ၀၉-၉၅၁၀၅၄၂၁၅**

# ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ကြေညာချက်အမှတ် ၄ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ဖွဲ့စည်းခြင်း**

ပြည်ထောင်စု၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာကိစ္စရပ်များကို အကြံပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းတို့ ပြုနိုင်ရန်အတွက် ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ဥပဒေပုဒ်မ ၄၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့အရ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစိုးဝင်း | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်မောင်အေး | အတွင်းရေးမှူး |
| (၃) | ဦးသန်းဆွေ | ကောင်စီဝင် |
| (၄) | ဦးကိုကိုလှိုင် | ကောင်စီဝင် |
| (၅) | ဦးမိုးအောင် | ကောင်စီဝင် |
| (၆) | ဒေါက်တာ ရင်ရင်နွယ် | ကောင်စီဝင် |
| (၇) | ဒေါ်ချိုချိုကျော်ငြိမ်း | ကောင်စီဝင် |
| (၈) | ဦးကိုကိုကြီး | ကောင်စီဝင် |
| (၉) | မန်းငြိမ်းမောင် | ကောင်စီဝင် |
| (၁၀) | ဒေါ်ခြဲဘူ | ကောင်စီဝင် |
| (၁၁) | ဦးဇော်အေးမောင် | ကောင်စီဝင် |

(ပုံ)မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

## ဧရာဝတီမြစ်ရေ လက်ရှိရေမှတ်အောက် တစ်ပေခွဲခန့် ကျဆင်းနိုင်

နေပြည်တော် ဧပြီ ၁၀

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၈၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ငါးရက်အတွင်း လက်ရှိရေမှတ်အောက် တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်း သတိပေးမှတ် ၃၆၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်သည်။

မိုး/ဇလ

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၀-၄-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | မင်းဘူးမြို့ | ၄၀.၈ | ၁၀၅.၄ |
| ၂။ | ချောက်မြို့ | ၄၀.၄ | ၁၀၄.၇ |
| ၃။ | သိမ်ဖြူမြို့ | ၄၀.၃ | ၁၀၄.၅ |
| ၄။ | ပခုက္ကူမြို့ | ၄၀.၀ | ၁၀၄.၀ |
| ၅။ | တောင်တွင်းကြီးမြို့ | ၄၀.၀ | ၁၀၄.၀ |
| ၆။ | မြင်းမူမြို့ | ၄၀.၀ | ၁၀၄.၀ |
| ၇။ | ဇောင်းတူမြို့ | ၃၉.၈ | ၁၀၃.၆ |
| ၈။ | ပဲခူးမြို့ | ၃၉.၇ | ၁၀၃.၅ |
| ၉။ | ဆင်ဖြူကျွန်းမြို့ | ၃၉.၆ | ၁၀၃.၃ |

## ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် အချပ်ပို (၁၆)မျက်နှာပါရှိသည်။

## မန္တလေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်၌ မဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ် (၄၅)ခုတွင် ဆိုလာစနစ်တပ်ဆင်အသုံးပြု၍ ရေကစားသွားမည်




**မန္တလေး ဧပြီ ၁၀**

မန္တလေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်၌ မဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ် (၄၅)ခုတွင် ဆိုလာစနစ်တပ်ဆင်အသုံးပြု၍ ရေကစားသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ကမ္ဘာနှင့်တစ်ဝန်း လောင်စာပြတ်လတ်မှုများ၊ ဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်နေသောကြောင့် နိုင်ငံတော်အကြီးအကဲက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အဓိကအားထားသုံးစွဲရန် လမ်းညွှန်ထားရာ သင်္ကြန်ရေကစားပွဲတော်တွင် မဏ္ဍပ်ကြီး(၁၇)ခု၊ မဏ္ဍပ်ငယ် (၂၈)ခုတို့တွင် ရေအသုံးပြုမှု ပမာဏ ၂ ဒသမ ၄၈ သန်း အသုံးပြုသွားမည်ဖြစ်ရာ ၁ ဒသမ ၂၄ သန်းအား ဆိုလာစနစ်ဖြင့် အသုံးပြုသွားမည်ဖြစ်ရာ စွမ်းအင် ၅၀ ရာခိုင်နှုန်းခန့် လျှော့ချသုံးစွဲနိုင်မည် ဖြစ်သည်။

အဆိုပါ ဆိုလာစနစ်ဖြင့် ရေတင်ပို့မှုကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ချိတ်ဆက်မှုဖြင့် ကုမ္ပဏီ ၂၂ ခု AZ ကုမ္ပဏီမှ အဓိကပံ့ပိုးတပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

ရွှေမန်း

## မန္တလေးနေ့စဉ်သတင်းစာ ထုတ်ဝေမှု (၈)ရက် ခေတ္တရပ်နားမည်

**မန္တလေး ဧပြီ ၁၀**

မန္တလေးနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ်၊ ဧပြီ ၁၂ ရက် (တနင်္ဂနွေနေ့)မှ ဧပြီ ၁၉ ရက် (တနင်္ဂနွေနေ့)အထိ (၈)ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက် (တနင်္လာနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

## ကန်နက်အိုက်ချ်ဟွန်းကို ခေါ်ယူရန် မန်စီးတီးအသင်း စီစဉ်

**လန်ဒန် ဧပြီ ၁၀**

မန်စီးတီးအသင်းသည် ဟာသာဘာလင်အသင်း ကွင်းလယ်ကစားသမား ကန်နက်အိုက်ချ်ဟွန်းကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဟာသာဘာလင်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၅ပွဲကစားပြီး တစ်ဂိုး သွင်းယူထားခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ထို့ကြောင့် မန်စီးတီးအသင်း အနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဟာသာဘာလင်အသင်းထံမှ ကန်နက်အိုက်ချ်ဟွန်းကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခြင်းအတွက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခြင်းအတွက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ပါသည်။

ဧပြီလ ၁၀ ရက်၊ ၂၀၂၆ ခုနှစ်

အဆွေတော်
ဦးမင်းအောင်လှိုင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သည့်အတွက် အဆွေတော်အား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

အိမ်နီးချင်းများဖြစ်ကြကာ ကာလရှည်ကြာ တည်ရှိခဲ့ပြီး လူမှုအသိုက်အဝန်းများအကြား ဆက်ဆံရေးရှိခဲ့သည့် မိမိတို့၏နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရန် အိန္ဒိယနိုင်ငံက ကတိပြုပါသည်။ အိမ်နီးချင်းဦးစားပေးမူဝါဒ၊ အရှေ့နှင့် ထိတွေ့ဆက်ဆံသည့် မူဝါဒနှင့် ဒေသများအကြား လုံခြုံရေးနှင့် ဖွံ့ဖြိုးမှုအတွက် အပြန်အလှန် တိုးတက်ရေးမူဝါဒများဖြင့် အိန္ဒိယနိုင်ငံ၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် ခိုင်မာသောမူဘောင်ကို ဖော်ဆောင်ပေးထားပါသည်။

မိမိအနေဖြင့် အဆွေတော်နှင့် ယမန်နှစ်က တွေ့ဆုံခဲ့မှုကို အမှတ်ရလျက်ရှိပါသည်။ အဆွေတော်၏ ခေါင်းဆောင်မှုအောက်တွင် မိမိတို့နှစ်နိုင်ငံအကြား ကာလရှည်ကြာ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုသည် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ဆက်လက်တိုးချဲ့နိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးဆောင်လမ်းညွှန်ရာတွင် အဆွေတော်အနေဖြင့် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။ မြန်မာပြည်သူများ တိုးတက်ကြီးပွားရေး အဆွေတော်၏ ကြိုးပမ်းအားထုတ်မှုများအပေါ် မိမိတို့က ဆက်လက်အားပေးထောက်ခံသွားမည်ဖြစ်ပါသည်။

အဆွေတော်အား မိမိက အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

နာရန်ဒရာ မိုဒီ
ဝန်ကြီးချုပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ပါသည်။

ဗီယင်ကျန်းမြို့
၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်

အဆွေတော် ဦးမင်းအောင်လှိုင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ
နေပြည်တော်

အဆွေတော်ခင်ဗျား

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် လာအိုပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ရှိရင်းစွဲအစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်နှစ်များတွင် ပိုမိုခိုင်မာလာမည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။ မိမိတို့ နှစ်နိုင်ငံအတွက် လက်တွေ့ကျသော အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်ရန်နှင့် ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် အဆွေတော်နှင့် နီးကပ်စွာလက်တွဲဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်း၊ တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် ပိုမိုအောင်မြင်ပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပိုမိုတိုးတက် သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ထောင်လွန်း ဆီဆုလစ်
သမ္မတ
လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခြင်းအတွက် နီပေါနိုင်ငံ သမ္မတ မစ္စတာ ရမ်ချန်ဒရာ ပေါ်ဒဲလ် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခြင်းအတွက် နီပေါနိုင်ငံ သမ္မတ မစ္စတာ ရမ်ချန်ဒရာ ပေါ်ဒဲလ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ပါသည်။

ကတ္တမန္ဒူးမြို့
၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်

အဆွေတော်
ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် စတင်တာဝန်ထမ်းဆောင်မှုအပေါ် နီပေါနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နီပေါနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝမှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့အပေါ် အခြေခံထားသော မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို များစွာအလေးထားပါသည်။ အဆွေတော်၏ အရည်အသွေးပြည့်ဝသည့် ခေါင်းဆောင်မှုအောက်တွင် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးသည် ဆက်လက်တိုးတက်နက်ရှိုင်းလာမည်ဟု မိမိယုံကြည်ပါသည်။ နောင်လာမည့်ကာလများအတွင်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေရန်အတွက် အဆွေတော်နှင့်အတူ နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်၍ လုပ်ငန်းတာဝန်များတွင် အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသည့် မြန်မာနိုင်ငံပြည်သူများ ဆက်လက်အေးချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ရမ်ချန်ဒရာ ပေါ်ဒဲလ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် မစ္စတာ အင်ဒရာ မာနီ ပန်ဒေး ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် မစ္စတာ အင်ဒရာ မာနီ ပန်ဒေး ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့လာပါသည်။

သို့
ဦးမင်းအောင်လှိုင်
သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အဆွေတော်ခင်ဗျား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် မိမိအနေဖြင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ဘင်းမ်စတက်) အတွင်းရေးမှူးရုံးကိုယ်စားလည်းကောင်း လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံသည် ဘင်းမ်စတက်အဖွဲ့အား အစဉ်တစိုက် ထောက်ခံပံ့ပိုးလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားသည့် ငါးလုပ်ငန်းနှင့် မွေးမြူရေး အပါအဝင် စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍတွင်သာမက ဘင်းမ်စတက်၏ အခြားသောကဏ္ဍများတွင်လည်း ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းလာစေရန် များစွာအထောက်အကူပြုလျက်ရှိပါသည်။

အဆွေတော်ခင်ဗျား

ဘင်းမ်စတက်သည် တက်ကြွပြီး ထိရောက်မှုရှိသော ဒေသတွင်းအဖွဲ့အစည်းတစ်ခုအဖြစ် တိုးတက်ပြောင်းလဲရန် အသင့်ဖြစ်နေပါသည်။ အဆွေတော်၏ စွမ်းရည်ပြည့်ဝသည့် ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဦးစားပေးကာ ဘင်းမ်စတက်အားပိုမိုမြင့်မားသည့်နေရာသို့ တက်လှမ်းရာတွင်လည်းကောင်း၊ တက်ကြွသည့် ဒေသတွင်းအဖွဲ့အစည်းအဖြစ် အသွင်ကူးပြောင်းရာတွင်လည်းကောင်း အထောက်အပံ့ပေးနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တစ်ဦးအနေဖြင့် အဆွေတော်၏ တန်ဖိုးရှိသော လမ်းညွှန်မှုနှင့် အကြံပြုချက်များကို ရယူနိုင်ရေးအတွက် အခါအခွင့်သင့်သည့်အခါ ဂါရဝပြုတွေ့ဆုံခွင့်ရရန် မျှော်လင့်ပါသည်။ ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းများနှင့် ဘင်းမ်စတက် ဗန်ကောက်မျှော်မှန်းချက် ၂၀၃၀ တို့မှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများကို ပံ့ပိုးကူညီနိုင်ရန်အတွက် ဘင်းမ်စတက်အတွင်းရေးမှူးရုံးအနေဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အခိုင်အမာပြောကြားလိုပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် အနာဂတ်လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားပါကြောင်း ဖော်ပြအပ်ပါသည်။

အင်ဒရာ မာနီ ပန်ဒေး
ဘင်းမ်စတက်အတွင်းရေးမှူးချုပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ ဂျပန်နိုင်ငံ ကိုဘေးမြို့ရှိ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ နိုရိအဆု အိုတိုမိုရိ (Mr. Noriatsu Otomori) ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ ဂျပန်နိုင်ငံ ကိုဘေးမြို့ရှိ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ နိုရိအဆု အိုတိုမိုရိ (Mr. Noriatsu Otomori) ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်

အဆွေတော် ဦးမင်းအောင်လှိုင်
သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့ခြင်းနှင့် ပတ်သက်၍ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံအနေဖြင့် စာမျက်နှာအသစ်ဖွင့်လှစ်ချိန်တွင် အဆွေတော်၏ ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံ ဆက်လက်တည်ငြိမ်တိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းနိုင်ခဲ့သည်ဖြစ်၍ ယင်းချစ်ကြည်ရင်းနှီးမှုသည် ပိုမိုနက်ရှိုင်းလာ၍ ဒေသအတွင်း တည်ငြိမ်ဝပြောရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာအောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

နိုရိအဆု အိုတိုမိုရိ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဂုဏ်ထူးဆောင်ကောင်စစ်ဝန်၊ ကိုဘေးမြို့
၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ ဂျပန်နိုင်ငံ နာဂိုယာမြို့ရှိ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ တိုရှိအို နီရှီမူရ (Mr. Toshio Nishimura) ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ ဂျပန်နိုင်ငံ နာဂိုယာမြို့ရှိ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ တိုရှိအို နီရှီမူရ (Mr. Toshio Nishimura) ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆွေတော် ဦးမင်းအောင်လှိုင်
သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့ခြင်းနှင့် ပတ်သက်၍ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

နာဂိုယာမြို့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် တာဝန်ထမ်းဆောင်ချိန်မှစတင်၍ မိမိအနေဖြင့် မြန်မာနိုင်ငံသို့ (၁၀) ကြိမ် လာရောက်ခဲ့ပါသည်။

ခရီးစဉ်တိုင်းတွင်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်အဆင့်မြင့်အရာရှိကြီးများစွာနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါသည်။ အဆိုပါတွေ့ဆုံမှုများတွင် အဓိပ္ပာယ်ပြည့်ဝသောဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့သည့်အတွက် များစွာကျေးဇူးတင်ရှိပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ငြိမ်တိုးတက်ပါစေကြောင်းနှင့် ပြည်သူများအေးချမ်းသာယာဝပြောပါစေကြောင်း အလေးအနက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

တိုရှိအို နီရှီမူရ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဂုဏ်ထူးဆောင်ကောင်စစ်ဝန်၊ နာဂိုယာမြို့
၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဇစ် အလီ ဇာဒါရီ ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဇစ် အလီ ဇာဒါရီ ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်

အဆွေတော်
ဦးမင်းအောင်လှိုင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အပေါ် ပါကစ္စတန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း နွေးထွေးလှိုက်လှဲစွာ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာနှင့် လူမှုအသိုက်အဝန်းဆိုင်ရာ ဆက်နွယ်မှုများအပေါ် အခြေခံသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါကြောင်း ဖော်ပြအပ်ပါသည်။ အဆွေတော်၏ ခေါင်းဆောင်မှုအောက်တွင် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ဆက်လက်တိုးတက်ပြီး နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ဘုံအကျိုးစီးပွားဆိုင်ရာကိစ္စရပ်များတွင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်စေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာအောင်မြင်ပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသည့် မြန်မာနိုင်ငံပြည်သူများ ဆက်လက်အေးချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အဇစ် အလီ ဇာဒါရီ

## နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်သည်ကို အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ ဧပြီ ၁၀ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ကိုယ်စားလှယ်ဦးရေ (၄၂၉)မဲဖြင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပါသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အနာဂတ်နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ နေမင်းထုံးလမင်းထုံးနှလုံးမူလျက် နိုင်ငံသူ/နိုင်ငံသားတို့အပေါ်၌ ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်နိုင်ပါစေဟု ကျွန်တော်တို့ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ ဧပြီ ၁၀ ရက်

နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မိမိတို့ရခိုင်တိုင်းရင်းသားပါတီ (RNP)မှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

ယခုကဲ့သို့ နိုင်ငံတော်သမ္မတကြီးအဖြစ် တင်မြှောက်ခံရသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်းကိုလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ရခိုင်တိုင်းရင်းသားများပါတီ(RNP)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအသစ် ကတိသစ္စာပြုခြင်းအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့များအား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှအစိုးရများ၏အဆင့်မြင့်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် သံအမတ်ကြီးများအား နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဦးတင်မောင်ဆွေက ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ M Galleryဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲ၌ ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတအသစ် ကတိသစ္စာပြုခြင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ၎င်းတို့အား စေလွှတ်သည့် မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် လွတ်လပ်ပြီး တက်ကြွ၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူများကို လေးစားလိုက်နာပြီး နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

အဆိုပါ ညစာစားပွဲ အခမ်းအနားသို့ ရုရှားဒူးမား (အောက်လွှတ်တော်) ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban KARA-OOL၊ ကမ္ဘောဒီးယား တော်ဝင်အစိုးရ၏ အာဆီယံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Kitti Settha Pandita CHAM Prasidh၊ နီကာရာဂွါ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Valdrack Ludwing Jaentschke Whitaker၊ အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Kirti Vardhan Singh၊ လာအို ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဝန်ကြီးချုပ်ရုံး ဝန်ကြီးဟောင်း H.E. Mr. Alounkeo KITI-KHOUN၊ ဂျပန်-မြန်မာအသင်း ဒုတိယဥက္ကဋ္ဌ Mr. Yusuke WATANAB တို့ အပါအဝင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ နီပေါ၊ သီရိလင်္ကာ၊ ကာဇက်စတန်၊ ဂျပန်၊ ကိုရီးယား ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ဘရာဇီး၊ နီကာရာဂွါ၊ ယူအေအီး၊ ဟိုလီဆီး စသည့်နိုင်ငံများမှ အဆင့်မြင့်ကိုယ်စားလှယ်များပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါ ညစာစားပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ညစာစားပွဲ တည်ခင်းဧည့်ခံနေစဉ် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနက မြန်မာ့ရိုးရာတေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပြန်ခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဧပြီ ၁၀ - စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ကြေညာချက်အမှတ် ၁ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမင်းအောင်လှိုင် | နိုင်ငံတော်သမ္မတ |
| (၂) | ဦးညိုစော | ဒုတိယသမ္မတ |
| (၃) | ဒေါ်နန်းနီနီအေး | ဒုတိယသမ္မတ |
| (၄) | ဦးခင်မောင်ရီ | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၅) | ဦးတင်အောင်စန်း | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန |
| (၆) | ဦးမြထွန်းဦး | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| (၇) | ဗိုလ်ချုပ်ကြီး ထွန်းအောင် | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (၈) | ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၉) | ဦးတင်မောင်ဆွေ | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၁၀) | ဦးအောင်ကျော်ဟိုး | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (၁၁) | ဒေါက်တာ ကံဇော် | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (၁၂) | ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၁၃) | ဦးသန်းမောင် | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| (၁၄) | ဒေါက်တာ သီတာဦး | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန |
| (၁၅) | ဒေါက်တာ ချောချောစိန် | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |
| (၁၆) | ဒေါက်တာ မျိုးသိန်းကျော် | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၁၇) | ဒေါက်တာ သက်ခိုင်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၁၈) | ဒေါက်တာ သက်သက်ဇင် | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန |
| (၁၉) | ဦးထိန်လင်း | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၂၀) | ဦးတင်ဦးလွင် | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန |
| (၂၁) | ဦးမင်းနောင် | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂၂) | ဦးမျိုးဇော်သိမ်း | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| (၂၃) | ဦးဆန်းဦး | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| (၂၄) | ဦးကိုကိုလွင် | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၂၅) | ဒေါက်တာ ချာလီသန်း | ပြည်ထောင်စုဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန |
| (၂၆) | ဦးမြင့်ကြိုင် | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂၇) | ဦးခင်မောင်စိုး | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန |
| (၂၈) | ဦးထွန်းအုံ | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၂၉) | ဦးရဲမြင့်ထွန်း | ပြည်ထောင်စုဝန်ကြီး<br>အားကစားရေးရာဝန်ကြီးဌာန |
| (၃၀) | ဒေါက်တာ မောင်သင်း | ပြည်ထောင်စုဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန |
| (၃၁) | ဦးမျိုးသန့် | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၃၂) | ဒေါက်တာ စိုးဝင်း | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန |
| (၃၃) | ဦးမောင်မြင့် | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၃၄) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အတွင်းရေးမှူး |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့အား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

ကြေညာချက်အမှတ် ၃ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဖွဲ့စည်းခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းများကို ဆောင်ရွက်ပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းနှင့် လွှတ်တော်၏သဘောတူညီချက်ရယူခြင်းများကို ဆောင်ရွက်ပြီးသည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအား ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပြီးသည့်အချိန်မှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ကျင့်သုံးလျက်ရှိသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲပြောင်းပေးလိုက်ကြောင်း ကြေညာလိုက်သည်။

၃။ အထက်အပိုဒ် ၂ ပါအတိုင်း ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ကတိသစ္စာပြုပြီးသည့် အချိန်မှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဖွဲ့စည်းခဲ့သည့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့အား ဖျက်သိမ်းလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ကြေညာချက်အမှတ် ၂ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁ နှင့် ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) တို့အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးမင်းအောင်လှိုင် | နိုင်ငံတော်သမ္မတ |
| (ခ) | ဦးညိုစော | ဒုတိယသမ္မတ |
| (ဂ) | ဒေါ်နန်းနီနီအေး | ဒုတိယသမ္မတ |
| (ဃ) | ဦးခင်ရီ | ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (င) | ဦးအောင်လင်းဒွေး | ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (စ) | ဗိုလ်ချုပ်ကြီး ရဲဝင်းဦး | တပ်မတော်ကာကွယ်ရေးဦးစီးချုပ် |
| (ဆ) | ဗိုလ်ချုပ်ကြီး ကျော်စွာလင်း | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် |
| (ဇ) | ဗိုလ်ချုပ်ကြီး ထွန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး |
| (ဈ) | ဦးတင်မောင်ဆွေ | နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး |
| (ည) | ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ | ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး |
| (ဋ) | ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် | နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ပြည်ထောင်စုအစိုးရအဖွဲ့ အတွင်းရေးမှူးသည် ရာထူးအလျောက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အတွင်းရေးမှူးဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ကြေညာချက်အမှတ် ၃ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၉၊ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ဦးမင်းအောင်လှိုင် | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဦးညိုစော | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒေါ်နန်းနီနီအေး | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဒေါက်တာ သီတာဦး | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်နိုင်သက်ဦး | ပြည်ထောင်စုစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (၆) | ဦးခက်ထိန်နန် | ဝန်ကြီးချုပ် ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (၇) | ဦးအုံ့မော် | ဝန်ကြီးချုပ် ကယားပြည်နယ် | အဖွဲ့ဝင် |
| (၈) | ဦးစောမြင့်ဦး | ဝန်ကြီးချုပ် ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၉) | ဒေါက်တာ ဝုန်ဆွန်းထန် | ဝန်ကြီးချုပ် ချင်းပြည်နယ် | အဖွဲ့ဝင် |
| (၁၀) | ဦးကိုလေး | ဝန်ကြီးချုပ် စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၁၁) | ဦးဇော်နိုင်ဦး | ဝန်ကြီးချုပ် တနင်္သာရီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၁၂) | ဦးမျိုးဆွေဝင်း | ဝန်ကြီးချုပ် ပဲခူးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၁၃) | ဦးတင်ကိုကို | ဝန်ကြီးချုပ် မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၁၄) | ဦးမျိုးအောင် | ဝန်ကြီးချုပ် မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၁၅) | ဦးအောင်ဝင်းသန်း | ဝန်ကြီးချုပ် မွန်ပြည်နယ် | အဖွဲ့ဝင် |
| (၁၆) | ဦးနိုင်ဦး | ဝန်ကြီးချုပ် ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (၁၇) | ဦးအောင်နိုင်သူ | ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၁၈) | ဦးစိုင်းထိန်စိုး | ဝန်ကြီးချုပ် ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၁၉) | ဦးအေးကျော် | ဝန်ကြီးချုပ် ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၂၀) | ဦးကံမြင့်သန်း | ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၂၁) | ဒေါက်တာ ကံဇော် | ပြည်ထောင်စုဝန်ကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အတွင်းရေးမှူး |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ကြေညာချက်အမှတ် ၅ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၄၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇ တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးသာဌေး | ပြည်ထောင်စုတရားသူကြီးချုပ် |
| (၂) | ဦးသောင်းနိုင် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၃) | ဦးသိန်းကိုကို | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၄) | ဒေါ်သင်းသင်းနွဲ့ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၅) | ဒေါ်ပြုံးပြုံးအေး | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၆) | ဒေါက်တာ ကိုကိုနိုင် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၇) | ဦးဝင်းမြင့် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၈) | ဒေါ်စိုးခက်ခက် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၉) | ဒေါ်သင်းသင်းချို | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ကြေညာချက်အမှတ် ၆ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀၊ ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၃ တို့အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးအောင်ဇော်သိန်း | ဥက္ကဋ္ဌ |
| (၂) | ဦးညဏ်ထွန်း | အဖွဲ့ဝင် |
| (၃) | ဦးမျိုးတင့် | အဖွဲ့ဝင် |
| (၄) | ဦးကျော်ဆန်း | အဖွဲ့ဝင် |
| (၅) | ဦးတူးမော် | အဖွဲ့ဝင် |
| (၆) | ဒေါ်စုစုဝင်း | အဖွဲ့ဝင် |
| (၇) | ဒေါ်ဥမ္မာအေး | အဖွဲ့ဝင် |
| (၈) | ဦးတင့်ဝေ | အဖွဲ့ဝင် |
| (၉) | ဒေါက်တာ မာလာမော် | အဖွဲ့ဝင် |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ကြေညာချက်အမှတ် ၇ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေ ပုဒ်မ ၃ တို့အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးသန်းစိုး | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်မိုးမြင့် | အဖွဲ့ဝင် |
| (၃) | ဦးအောင်လွင်ဦး | အဖွဲ့ဝင် |
| (၄) | ဦးမြင့်ဦး | အဖွဲ့ဝင် |
| (၅) | ဦးခင်မောင်ဦး | အဖွဲ့ဝင် |
| (၆) | ဦးမြင့်သိန်း | အဖွဲ့ဝင် |
| (၇) | ဦးကိုကိုလွင် | အဖွဲ့ဝင် |
| (၈) | ဦးသန်းအောင်ကျော် | အဖွဲ့ဝင် |
| (၉) | ဦးခင်ဇော် | အဖွဲ့ဝင် |
| (၁၀) | ဦးသန်းထွတ်သိန်း | အဖွဲ့ဝင် |
| (၁၁) | ဦးအောင်မြင့်လွင် | အဖွဲ့ဝင် |
| (၁၂) | ဦးခင်မောင်ကြီး | အဖွဲ့ဝင် |
| (၁၃) | ဦးမျိုးမောင် | အဖွဲ့ဝင် |
| (၁၄) | ဦးကြည်သိန်း | အဖွဲ့ဝင် |
| (၁၅) | ဒေါ်ခင်သင်းဝေ | အဖွဲ့ဝင် |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ကြေညာချက်အမှတ် ၈ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (စ) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၄ တို့အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးတင်မောင်ဝင်း | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ခင်မျိုးမြင့် | အဖွဲ့ဝင် |
| (၃) | ဦးစိုးတင့် | အဖွဲ့ဝင် |
| (၄) | ဒေါက်တာ စုစုဒွေး | အဖွဲ့ဝင် |
| (၅) | ဦးထွန်းထွန်းဝင်း | အဖွဲ့ဝင် |
| (၆) | ဒေါ်ခင်ရွှေမြင့် | အဖွဲ့ဝင် |
| (၇) | ဒေါက်တာ ခင်ချစ်ချစ် | အဖွဲ့ဝင် |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေပြည်တော်ကောင်စီ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ကြေညာချက်အမှတ် ၉ / ၂၀၂၆

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**နေပြည်တော်ကောင်စီ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၁ နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) တို့အရ နေပြည်တော်ကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကံမြင့်သန်း | ဥက္ကဋ္ဌ |
| (၂) | ဗိုလ်မှူးကြီး ရဲမိုး | ကောင်စီဝင် |
| (၃) | ဦးမင်းဦး | ကောင်စီဝင် |
| (၄) | ဦးခင်မောင်လတ် | ကောင်စီဝင် |
| (၅) | ဦးဝင်းမိုးနိုင် | ကောင်စီဝင် |
| (၆) | ဦးထွန်းထွန်း | ကောင်စီဝင် |
| (၇) | ဦးအောင်ဇေယျ | ကောင်စီဝင် |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၁ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ခန့်အပ်တာဝန်ပေးခြင်း**

